The Arakan International

The Arakan International

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

အမှတ် (၉)
စက်တမ်ဘာလ
၂၀၁၁ ခုနှစ်။

# အသျှင်ဦးဥတ္တမ၏ပြည်ထောင်စုစိတ်ဓါတ်နှင့် သူ့ရဟိခ သည့်ဆုလဒ်



ဆင်းရဲသော၊ စာမတတ်သေါ၊အေါက်ကျ၊နောက်ကျ၊ချိုးနှိမ်ခံဘ၀၊ နင်းပြားခံဘ၀များဖြင့် မသိရှိတမယ်အသက်ရှင်ခွင့်ရနိန်ကတ်သည့်၊အသျှင့်အားလူသားတဦးအဖြစ်မွီးဖွါးဖြစ်တည်စီခ သည့် 'ရခိုင်'လူမျိုးများသည်ပင်ဟိတတ်သမျှသောစွမ်းအင်များနှင့် . . . . (စာ ၉)


(စာ ၉)



သူများဖောက်ပြီးသားလမ်းကိုလျှောက်ချင်ရေလူတိသည်ပျင်းရိသူတိဖြစ်ကတ်၏။ သူတစ်ပါးကိုမှီခိုလိုသူများဖြစ်ကတ်၏။ ဦးဆောင်ဦးရွက်ပြုတတ်သူတိ၊ မိမိကိုယ်ကိုအားကိုးသူတိ၊ စွန့်စားတီထွင်တတ်သူများရာ လမ်းသစ်များဖောက်ကြ၏ . . . . . . . . (စာ ၁၄)



**'မျက်မှောက်ခေတ်ကဗျာလောကတွင် သူမတူသည့်စွမ်းဆောင်ထည့်ဝင်မှုနှင့်ပြိုဆောင်လမ်းပြနိုင်မှု'**ရို့အတွက် စာပီဆိုင်ရာနိုဗယ်ဆုကိုချီးမြှင့်ရခြင်းဖြစ်ကြောင်း နိုဗယ်ဆုရွီးချယ်ရေးကော်မတီ၏အကျဉ်းချုပ်မှတ်ချက်တွင် ဖေါ်ပြထားဟိပါသည် . . . . . . . . (စာ ၁၆)



**၂၀၁၁ခုနှစ်၊ စက်တမ်ဘာ လ ၉ ရက်နိတွင်ကျရောက်ခ သည့်**

**(၇၂) ကြိမ်မြောက် အသျှင်ဦးဥတ္တမနိအား**

**နိုင်ငံတကာ ရေးရာ ရက္ခိုင်သတင်းစဉ် မှ လေးမြတ်စွာ ဂါရဝပြုအပ်ပါသည်၊**

*(အသျှင်ဦးဥတ္တမနိဂုဏ်ပြု မျက်နှာဖုံးဆောင်းပါးအား စာမျက်နှာ (၁၂) တွင် စ တင်ဖတ်ရှုပါရန်။)*

ကျွန်းတွင်ဇမ္ဗူ
လူတွင်ရခိုင်
ကြိုင်ဘိသတင်း
ကင်းဘိအပြစ်
ချစ်သည့်အမျိုး
ကြိုးသည့်လုံ့လ
မြတ်စာဂ နှင့်
နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်
နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။

*(သျှင်မဟာသီလဝံသ)*

" ရန်သူတိရေ ကကောင်း ဥာဏ်
များရေ၊ ပါးနပ်တေ၊ ပရိယာယ်
များရေ၊ ပြည်သူအားလုံး သူရို့
အလိုသို့ မလိုက် လိုက်အောင်
ခြောက်တခါ မြှောက် တလှည့်နန့်
လှည့်ပတ်နိုင်ရေ အဂီနန့်ပြည့်စုံ
ကတ်တေ၊ ငါရို့မှာ ငါရို့ခွန်အား၊
ငါရို့၏ တည် ကြည် ခိုင်ခံ့မှု၊
အကျင့်စာရိတ္တ ကောင်းမှုစည်းလုံး
ညီညွတ်မှုတိကို အခြေခံ ပနာ ငါရို့
လိုချင်စွာကို ငါရို့ ရယူ လားရဖို့
ဖြစ်တေအတွက် တယောက်ကို
တယောက် ဆဲဆို ခြင်း၊ ပြစ်တင်ဝေ
ဖန်ခြင်း၊ ငြူစူ စောင်းမြောင်းခြင်းတိ
ကိုလုပ်ပြီးကေ ကိုယ့်အင်အားကို
မဆုတ်ယုတ်ကတ်စီကေ့"

*(ဆရာတော်အသျှင် ဦးဥတ္တမ)*

# အယ်ဒီတာ့စကား

နှစ်တနှစ်၏နဝမမြောက်လဖြစ်သည့်စက်တမ်ဘာလကားကမ္ဘာ့သမိုင်း၏အထင်ကရစာရှီးဆရာကြီးများစွာမွီးဖွါးခသောလပင်ဖြစ်သည်။ Eugene Field မှသည် O. Henry ထိ။ William Faulkner မှသည် T. S. Eliot ထိ။ Samuel Johnson မှသည် H.G. Wells ထိ။

ယင်းကမ္ဘာ့ဂန္ထဝင်မြောက်စာရှီးဆရာကြီးများစွာထဲတွင်အကျွန်(အကျွန့်ကျောင်းနိန်ဖက်များစွာအပါအဝင်)နှင့်အရင်းနှီးဆုံးမှာ O. Henry ဖြစ်မည်ဟုယူဆဖြစ်ပါသည်။ ဘဇာကြောင့်ဆိုသော်အကျွန်ရို့အထက်တန်းကျောင်းသားဘဝတွင် O. Henry ၏ 'The Last Leaf' ကိုအထက်တန်းကျောင်းအင်္ဂလိပ်သင်ခန်းစာတရပ်အဖြစ်သင်ယူဖတ်မှတ်ခကတ်ရလို့ပင်ဖြစ်ပါသည်။ 'နောက်ဆုံးသစ်ရွက်၏ကြွီကျလားမှုတည်းဟူသောအဖြစ်သနစ်'နှင့်အတူ 'သူမ၏အသက်ဝိညဉ်သည်လည်းတခါတည်းပါလားလီဖို့ဗျာယ်'ဆိုသည့်ဥပါဒါန်တရပ်ကိုထူးထူးခြားခြားယုံကြည်ဖြစ်နိန်သည့်ဆူးဟူသောနမိုးနီးယားရောဂါသည်ကလေ့မေချေ။ထိုဥပါဒါန်အစွဲကြောင့်အုတ်နံရံတွင်ကပ်ပေါက်နိန်သည့်နွယ်ပင်မှသစ်ရွက်များကြွီကျလားသည်ကိုတရွက်ပြီးတရွက် လိုက်လံရီတွက်နိန်မှုအားတားဆီးကာကွယ်ဖို့နည်းလမ်းဟြာမရနိုင်ပဲအလုပ်တဖက်နှင့်သောကပရိဒေဝတိကိုရင်မှာပိုက်ထွီးပနာ ချစ်သူငယ်ချင်းအားပြုစုနိန်သည့် ဆူး၏သူငယ်ချင်းဂျွင်စီ။ ဆူးကိုလည်းတတိန်းချေပုန်းချစ်မိဗျာယ်ဆူး၏ရောဂါဝေဒနာကိုလည်းကောင်း၊ဆူး၏ထူးဆန်းသော ဥပါဒါန်ကိုလည်းကောင်းအတိုင်းအတာတခုထိသိဟိထားသည့် တမိုးတည်းအောက်တွင်အတူနိန်ထိုင်ကတ်သည့်အရက်သမားပန်းချီဆရာဝါကြီး ဘဟာမန် ရို့၏ သုံးပွင့်ဆိုင်သံယောဇဉ်နှောင်ဖွဲ့မှု။

ဇတ်အိမ်အလိမ်၊အလှည့်များ၊အကွေ့အပတ်များနှင့်ဖွဲ့စည်းထားဟိပြီးအံ့သြစရာ၊ မထင်မှတ်စရာအဆုံးသတ်များနှင့်ပြီးတတ်သည့် အိုးဟိန်နရီ၏ ဝထုတိုရှီးနည်းနိသရည်း Style များအတိုင်းပင်–ကြွီကျမလားပါပဲထူးထူးဆန်းဆန်းကျန်လိုက်သည့်ဥပါဒါန်နွယ်ပင်ချေထက်ကဝါကြွံကြွံအရောင်ရောယှက်ထားသည့်အစိမ်းရင့်ရောင်နောက်ဆုံးသစ်ရွက်။ အရက်သမား၊ ပန်းချီဆရာဘဟာမန် ၏ Masterpiece! (၈–တန်း၊ ၉–တန်း၊ ၁၀–တန်း၊ ၁၀–တန်း – လေးနှစ်တိုင်တိုင်ပညာရင်နို့သောက်စို့ဖြစ်ခသည့် ကျောက်တော်အထက်တန်းကျောင်းကြီးနန့်ကျောင်းက ဆရာ၊ဆရာမရို့ကို လားလို့အောက်မိဖြစ်ပါရေ။)

တခုဆိုတခု–စက်တမ်ဘာလ ၉ ရက်နိမှာအကျွန်ရို့၏သူရဲကောင်းကြီးအသျှင်ဦးဥတ္တမနိကိုလည်းအကျွန်ရို့ရခိုင်သား၊ ရခိုင်သူချေတိအသိအမှတ်ပြုဗျာယ်ကမ္ဘာအနှံ့တတ်အားသရွှီကျင်းပဖြစ်ကတ်တေသတင်းတိကိုလည်းဖတ်ရ၊ကြားရ၊မြင်ရပြန်ပါရေ။နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်၏အသျှင်ဦးဥတ္တမနိ အထိမ်းအမှတ်အဖြစ်ဖေါ်ပြသည့်မျက်နှာဖုံးဆောင်းပါးကိုရှီးသားဖေါ်ပြအပ်ပါသည်။

စာတတ်၊ပီတတ်၊ပညာတတ်ကြီးအသျှင်ဦးဥတ္တမ။မြန်မာနိုင်ငံသာမက၊အာသျှတိုက်၏မီးရှူးတန်းဆောင်ကြီးအသျှင်ဦးဥတ္တမ။အကြမ်းမဖက်၊အနုနည်းဖြင့်လူသားပီသလွန်းစွာအာဏာဖီဆန်မှုကိုဦးဆောင်ဗျာယ်ထောင်အကြိမ်ကြိမ်ကျခံခ ရသည့်အာဃသတ္တိသျှင်၊ အသျှင်ဦးဥတ္တမ။ အိုးဟိန်နရီ၏ဝထုတိုထဲက ဆူး ၏အဖြစ်ထက်ပိုလို့ကြောက်ဖို့ကောင်းသည့်မရီမတွက်နိုင်သောဥပါဒါန်အစွဲပေါင်းများစွာကိုရင်မှာပိုက်ပနာယယ်ချေရှင်သန်ဖြစ်နိန်သည့်ရခိုင်လူမမာ နလံထ လာဖို့ အသျှင်ဦးဥတ္တမ၏စိတ်ဓါတ်နှင့်နှလုံးသားပေါင်းစည်းထားသည့်နောက်ဆုံးသစ်ရွက်တရွက်လိုအပ်နိန်ကြောင်းပါ။

(၇၂) ကြိမ်မြောက် အသျှင်ဦးဥတ္တမနိကို
ဦးညွှတ်ဂုဏ်ပြုလျှက်

ဦးသိန်းမောင်



**ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊
အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။**

# စက်တမ်ဘာလ (September)

စက်တမ်ဘာလသည်ပြိုဟောင်းရောမပြက္ခဒိန်တွင်သတ္တမမြောက်လဖြစ်ပြီးလ၏အမည်မှာလက်တိန်ဘာသာ၏ခုနစ်ဂဏန်းအခေါ်အဝေါ်ဖြစ်သည့် seven မှဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုပါသည်။စက်တမ်ဘာလသည်နှစ်တနှစ်၏နဝမမြောက်လဖြစ်ပြီးရက်ပေါင်း(၃၀)ဟိပါသည်။စက်တမ်ဘာသည် ကမ္ဘာ့မြောက်ဖက်ခြမ်းတွင် ပန်းသီးကောက်သောလ၊ကောက်ပဲသီးနှံများရိပ်သိမ်းသောလ၊ကျောင်းသားလူငယ်များနွေရာသီကျောင်းပိတ်ရက်ပြီး၍ကျောင်းပြန်တက်သောလဖြစ်ကာကမ္ဘာ့တောင်ဖက်ခြမ်းတွင်မူမိုးနှောင်းလတလဖြစ်ပါသည်။

ကမ္ဘာ့သမိုင်း၌သမိုင်းဝင်၊စာတင်ခြင်းခံရသူများအနက်အောက်ဖေါ်ပြပါပုဂ္ဂိုလ်များကိုစက်တမ်ဘာလတွင်ဖွါးမြင်ခပါသည်–












စက်တမ်ဘာ ၃၊ ၁၈၅၆ – လူးဝိစ်ဆူလေဗန်(Louise Sullivan)အမေရိကန်ဗိသုကာပညာသျှင်

စက်တမ်ဘာ ၅၊ ၁၈၄၇ – ဂျက်ဆီဂျိမ်းစ်(Jesse James)အမေရိကန်ဓါးမြဂိုဏ်းဂေါင်းဆောင်

စက်တမ်ဘာ ၆၊ ၁၇၅၇ – မာကီဒီလာဖာ့ထ်(Marquis de Lafayette)ပြင်သစ်စစ်ဂေါင်းဆောင်

စက်တမ်ဘာ ၆၊ ၁၈၆၀ – ဂျိန်းအဒမ်(Jane Addams)နိုဗယ်ဆုရအမေရိကန်လူမှုတွေးခေါ်ပညာသျှင်


စက်တမ်ဘာ ၇၊ ၁၅၃၃ – အဲလိဇာဘက် ၁ (Elizabeth I)ဗြိတိန်ဘုရင်မ

စက်တမ်ဘာ ၁၁၊ ၁၈၆၂ – အိုးဟိန်နရီ(O. Henry)အမေရိကန်စာရွီးဆရာ

စက်တမ်ဘာ ၁၂၊ ၁၉၁၃ – ဂျက်ဆီအိုဝန်(Jesse Owens)အမေရိကန်အားကဇါပ်သမား

စက်တမ်ဘာ ၁၃၊ ၁၈၆၀ – ဂျွန်ဂျေဖါးသျှိန်း(John J. Pershing)အမေရိကန်စစ်ဗိုလ်ချုပ်ကြီး

စက်တမ်ဘာ ၁၄၊ ၁၈၄၉ – အိုင်ဗန်ဖါဗလော့(Ivan Pavlov)ရာသျှားသိပ္ပံပညာသျှင်







စက်တမ်ဘာ ၁၅၊ ၁၈၅၇ – ဝီလီယံဟောင်းဝဲ့ထာ့ဖ်(William Howard Taft)၂၇ဦးမြောက်အမေရိကန်သမ္မတ

စက်တမ်ဘာ ၁၈၊ ၁၇၀၉ – ဆမ်မျူယယ်ဂျွန်ဆင်(Samuel Johnson)အိန်းဂလိချ်စာရွီးဆရာ

စက်တမ်ဘာ ၁၈၊ ၁၈၉၅ – ဂျွင်ဂျော့ချ်ဒိုင်ဖန်ဘိုင်ခါ(John George Diefenbaker)၁၃ယောက်မြောက်ခယ်နေဒါဝန်ကြီးချုပ်

စက်တမ်ဘာ ၂၁၊ ၁၈၆၆ – အိတ်ချ်ဂျီဝဲလ်စ်(H. G. Wells)အိန်းဂလိချ်စာရွီးဆရာ






စက်တမ်ဘာ ၂၂၊ ၁၇၉၁ – မိုက်ခယ်လ်ဖာရာဒေး(Michael Faraday)အိန်းဂလိချ်စက်မှုသိပ္ပံပညာသျှင်

စက်တမ်ဘာ ၂၅၊ ၁၈၉၇ – ဝီလီယံဖော့က်နာ(William Faulkner)အမေရိကန်စာရွီးဆရာ

စက်တမ်ဘာ ၂၆၊ ၁၈၈၈ – ထီအက်စ်အီလီယော့ထ်(T. S. Eliot)အမေရိကန်ဖွါးအိန်းဂလိချ်စာရွီးဆရာ

စက်တမ်ဘာ ၂၆၊ ၁၈၉၇ – ပုပ်ရဟန်းမင်းပါးလ်–၆(Pope Paul VI)

စက်တမ်ဘာ ၂၇၊ ၁၇၂၂ – ဂျော့ချ်ခလီမန်ဆိုး(Georges Clemenceau)ပြင်သစ်နိုင်ငံရေးသမား

စက်တမ်ဘာ ၂၉၊ ၁၇၅၈ – လော့ဒ်ဟိုရေးသျှိုးနယ်လ်ဆိန်(Lord Horatio Nelson)အိန်ဂလိချ်ရီတပ်ဗိုလ်ချုပ်ကြီး

စက်တမ်ဘာ ၂၉၊ ၁၉၀၁ – အန်ရီကိုဖာမီ(Enrico Fermi)နိုဗယ်ဆုရအီတာလျှံ–အမေရိကန်ရူပဗေဒပညာသျှင်



စက်တမ်ဘာ ၃၊ လွတ်လပ်ရေးနိ ကာတာနိုင်ငံ



စက်တမ်ဘာ ၇၊ လွတ်လပ်ရေးနိ ဘရာဇီး



စက်တမ်ဘာ ၁၅၊ လွတ်လပ်ရေးနိ ကိုစတာရီကာ၊ အယ်လ်ဆာဗေဒို၊



စက်တမ်ဘာ ၁၅၊ လွတ်လပ်ရေးနိ ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်၊ နိုင်ကာရာဂွါ



စက်တမ်ဘာ ၁၈၊ လွတ်လပ်ရေးနိ ချီလီ



စက်တမ်ဘာ ၂၁၊ လွတ်လပ်ရေးနိ ဘီလိုက်ဇ်



စက်တမ်ဘာ ၂၂၊ လွတ်လပ်ရေးနိ မာလီ



## ညောင်ဝတီ(တတိယ)ခေတ် ရခိုင်မင်းမြတ်များ

(အေဒီ ၂၀၂ မှ အေဒီ ၃၂၇ ထိ)

၂၂။ သူရယသီရိ

၂၃။ သူရိယကေသီ

၂၄။ သူရိယကုမ္မာ

၂၅။ သူရိယကေတု

## ဝေသာလီကျောက် လှေကားခေတ် နှင့် စမ္မဝတ်ခေတ်မင်းများ

(အေဒီ ၃၂၇ မှ အေဒီ ၈၁၈ ထိ)

၁။ မဟာစန္ဒရား

၂။ သူရိယစန္ဒရား

၃။ မောလစန္ဒရား

၄။ ပေါလစန္ဒရား

၅။ ကာလစန္ဒရား

၆။ ထူလစန္ဒရား

၇။ သီရိစန္ဒရား

၈။ သင်္ဂစန္ဒရား

၉။ စူဠစန္ဒရား

၁၀။ အမြတု (မြို) မျိုးခြားမင်း

၁၁။ ပဲဖြူ (အမြတု၏ ညီသား)

၁၂။ မင်းမဟိသောကြွားကာလ

၁၃။ ငတုံမင်း (စူဠစန္ဒရား၏သား)

## စက်တမ်ဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁– ဩစတြေးလျားနိုင်ငံသည်အခင်းဖြစ်ပွါးနိန်သည့်လိဗျားတွင်ကျောင်းသား၊ကျောင်းသူ၆၅၀ဦးရှိ ဆက်လက်ပညာသင်ကြားနိုင်ရေးအတွက်ဩစတြေးလျားဒေါ်လာ၁သန်းခွဲ(အမေရိကန်ဒေါ်လာတသန်းခြောက်သိန်း)ကိုလှူဒါန်းရန်ကမ်းလှမ်းလိုက်သည်။

၂– ရွေးကောက်ပွဲတွင် ကပ်လျှက်မဲအနိုင်ရပြီးနောက် စိန်ကာပူ၏ဒုတိယဝန်ကြီးချုပ်ဟောင်း တိုနီတန် (Tony Tan) သည် နိုင်ငံ၏သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၃– လိဗျားတွင်မာမ္မာဂဒါဖီကျဆုံးပြီးနောက်ဒီမိုခရေစီရေးအကူးအပြောင်းကာလကိုငြိမ်းချမ်းစွာကျော်ဖြတ်ရေးအား အိန်ဒိုနီးသျှားမှထောက်ခံကြောင်းဖြင့်ဆိုသည်။

၄– တရုတ်ပြည်နှင့်တောင်အမေရိကတိုက်နိုင်ငံများကြားကုန်သွယ်ဆက်ဆံမှုတွင်နှစ်ဦးနှစ်ဖက်အပြန်အလှန်အကျိုးသက်ရောက်မှုများဟိကြောင်းသတင်းများတွင်ဖေါ်ပြသည်။

၅– မြောက်ကိုးရီးယားတွင်ရိဘေးဆိုင်ရာအကူအညီများပေးရန် အမေရိကန်ကယ်ဆယ်ထောက်ပံ့ရေးသဖော်ရောက်ဟိလာအပြီးတွင်နှစ်ဖက်အကြားတင်းမာမှုများဟိနိန်လင့်ကစား တောင်ကိုးရီးယားအနိန်ဖြင့်မြောက်ကိုးရီးယားသို့ အကူအညီများပေးအပ်လားမည်ဖြစ်ကြောင်း အရာဟိများကဆိုသည်။

၆– နော်ဝေနိုင်ငံမှအထူးသံတမန်၏ကမကထပြုမှုဖြင့် ဖိလိပိန်းအစိုးရနှင့်ကွန်မျူနိသူပုန်များကြားတွင် ငြိမ်းချမ်းရေးဆိုင်ရာပြောဆိုဆွေးနွေးမှုကိုစတင်သည်။

၆– အိန္ဒိယဝန်ကြီးချုပ်မာမိုဟန်ဆိုင်း (Manmohan Singh) သည် ၄င်း၏သမိုင်းဝင်အလည်အပတ်ခရီးစဉ်အဖြစ် ဘင်္ဂလာဒေ့ချ်နိုင်ငံဒါကာမြို့တော်သို့ စတင်ရောက်ဟိလာသည်။

၇– ရာသျှားရှိခဲပြင်ဟော်ကီစီးကဇါပ်အသင်းဝင်များအားတင်ဆောင်လာသည့်လီယဉ်ပျံပျက်ကျမှုဖြစ်ပွါးရာလူ၄၃ဦးခန့်သီဆုံးလားသည်ဟုဆိုသည်။

၈– လိဗျားတွင်နောက်ဆုံးကျန်ဟိနိန်သည့်ဂဒါဖီသစ္စာခံတပ်ဖွဲ့များနှင့်ပြောက်ကျားတပ်ဖွဲ့များတိုက်ပွဲပြင်းထန်နိန်တုန်းဖြစ်သည်။

## ဟောင်းလျှင်ပြောင်းမည်




ဗမာပြည်တွင်နှစ်(၄၀)နှင့်အထက်သက်တမ်းရှည်မော်တော်ကားများသည် ရက်ပြတ်ရက်ပြတ်ပျက်ကျကာ ပြုပျင်မှုများပြုလုပ်နိန်ရသောကြောင့်အသစ်တင်သွင်းလာသောကားများနှင့်လှယ်ပစ်ချင်ကြောင်းကားဟောင်းပိုင်သျှင်များမှပြောဆိုလိုက်သည်ဟုဆိုသည်။ကုန်းလမ်းပို့ဆောင်ရေးဌါန၏ကားမှတ်ပုံ တင်မှတ်တမ်းများအရနှစ်သက်တမ်း(၄၀)နှင့်အထက်မော်တော်ကားစီးရေ ၁၀၀၀၀ (တသောင်း)ခန့်ဟိကြောင်း၊နှစ်သက်တမ်း(၃၀)နှင့်(၄၀)ကြားကားဟောင်းစီးရေ၈၀၀၀(သျှစ်ထောင်)ခန့်ဟိကြောင်းနှင့်သို့သော်ကားသစ်များနှင့် ဖလှယ်မှုအစီအစဉ်အထ မြောက်ရန်မှာလည်းစစ်အစိုးရ၏ကားသစ်တင်သွင်းမှုလိုင်စင်များထုတ်ပေးမှုအပေါ်တွင်မူတည်ကြောင်း သတင်းများတွင်ဖေါ်ပြသည်။ ယင်းကားဟောင်းများမှာ ***"ဆီပိုစား၊ ကားတိုက်မှုဖြစ်၊ လမ်းကြောင်းပိတ်ပြီး လီထုညစ်ညမ်းစီကြောင်း"*** ဖြင့်ဆိုသည်။

အသစ်တင်သွင်းမည့်ကားအများစုမှာထိုင်း၊ဂျပန်၊တရုတ်၊တောင်ကိုးရီးယားနှင့်မလေးသျှားနိုင်ငံများမှ ၁၉၉၅ခုနှစ်နှင့်နောက်ပိုင်းတွင်ထုတ်လုပ်သည့်ကားများဖြစ်ပြီးတန်ဖိုးမှာကားတစီးလျှင်အမေရိကန်ဒေါ်လာ၃၅၀၀ (သုံးထောင်ငါးရာ)ဝန်းကျင်တွင်ဟိသည်ဟုဆိုသည်။ (*ဘီဘီစီ / စက်တမ်ဘာ ၁၉*)

## စက်တမ်ဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ

၉– ထိုင်းနိုင်ငံမြောက်ပိုင်းတွင်မြေပြိုမှုဖြစ်ပွါးရာ လူ(၈)ဦးခန့်သေဆုံးပြီး အခြားလူ(၂)ဦးခန့်ဒဏ်ရာရဟုလားသည်ဟု ဆိုသည်။

၁၀– (၉/၁၁)အဖြစ်အပျက်ကြောင့်အမေရိကန်ပြည်ထောင်စုသည် အယင်ကထက်ပိုမိုတောင့်တင်းလာကြောင်း သမ္မတအိုဘားမား မှ ပြောဆိုလိုက်သည်။

၁၁– ဂျပန်နိုင်ငံတွင်ငလျှင်လှုပ်၍ပျက်စီးဆုံးသျှုံးမှုများ၊ သီဆုံးလားသောပြည်သူများအတွက် (၆)လပြည့် အထိမ်းအမှတ်ဝမ်းနည်းကြည်ကွဲမှုနှင့် ဝတ်ပြုဆုတောင်းပွဲအခမ်းအနားများကို ပြုလုပ်ကတ်သည်။

၁၁– ဩစတြေးလျှားမှထန်းနိစ်မယ် စမန်သာစထော် (Samantha Stosur) သည်အမေရိကန်အိုးဖန်းထန်းနိစ်ပြိုင်ပွဲ အမျိုးသမီးတဦးချင်းပွဲစဉ်တွင် အမေရိကန်မှ ဆီရီနာဝီလီယမ်ကိုအနိုင်ရကာဖိုလ်စွဲလားသည်။

၁၂– အမေရိကန်အိုးဖန်းထန်းနိစ်ပြိုင်ပွဲ၊အမျိုးသားတစ်ဦးချင်းပွဲစဉ်တွင် ဒီဂျာကိုဗိ (Djokovic) သည် ရာဖားနာဒါး ကိုအနိုင်ရကာ ချန်ပီယံဆုဖလားကိုရဟိလားသည်။

၁၂– ကိင်ညာနိုင်ငံတွင်ရီနံပိုက်လိုင်းမီးလောင်မှုဖြစ်ပွါးရာအနည်းဆုံးလူ၇၅ဦးခန့်သီဆုံးလားသည်ဟုဆိုသည်။

၁၃– ထိုင်းနိုင်ငံ၏လူ့အခွင့်အရေးဆိုင်ရာလှုပ်သျှားဆောင်ရွက်မှုများသည် အခြားအိမ်နားပါးချင်းအေဆီယံနိုင်ငံ များနှင့်နှိုင်းစာပါကအားရဖွယ်ဖြစ်ကြောင်းဖြင့်သတင်းများကဆိုသည်။

၁၄– တရက်တခြားစစ်အင်အားကြီးထွါးလာနိန်သည့်အိမ်နားပါးချင်းတရုတ်ပြည်နှင့်ပါက်သက်၍စိုးရိမ်မိပါကြောင်း ဂျပန်ဝန်ကြီးချုပ်သစ် ယိုသျှိဟီကိုနိုဒါ မှပြောကြားလိုက်သည်။

၁၄– ထိုင်ဝမ်အတိုက်အခံပါတီ၏သမ္မတလောင်းမှသူမအနိန်ဖြင့်တရုတ်ပြည်မနှင့်တင်းမာသည့်ဆက်ဆံရေးကိုပြု လုပ်လိမ့်မည်မဟုတ်ကြောင်း၊သို့သော်ကြီးထွါးလာနိန်သည့်တရုတ်ပြည်မ၏စစ်အင်အားနှင့်လျှော်ညီသည့်တန်ပြန် စစ်ရေးတည်ဆောက်မှုများကိုပြုလုပ်လားမည်ဖြစ်ကြောင်းအမေရိကန်သို့ပြောကြားလိုက်သည်။

၁၅– ပြင်သစ်နှင့်ယူကေမှနိုင်ငံဂေါင်းဆောင်များလာရောက်လည်ပတ်အပြီးနောက်တရက်တွင်လိဗျားပြောက်ကျား များသည်ဂဒါဖီ၏နောက်ဆုံးခံတပ်သို့ထိုးဖေါက်တိုက်ခိုက်နိန်ဗျာယ်ဖြစ်သည်။

## ဘောလုံးကဇါပ်ခြင်း



ဘောလုံးကဇါပ်ခြင်းသည်ကမ္ဘာပေါ်တွင်ရိပမ်းအစားဆုံး၊လူကြိုက်အများဆုံး၊တနည်းအားဖြင့်ပေါ်ပျူလာ အဖြစ်ဆုံးအားကစားတရပ်အဖြစ်မှတ်ယူထားခြင်းခံရသည့်အားကစားဖြစ်ပါသည်။အေနိကမ္ဘာ့နိုင်ငံ ပေါင်း(၁၇၈)နိုင်ငံတွင်ဘောလုံးကဇါပ်နိန်ကတ်သူပေါင်းသန်း(၁၅၀)ကျော်ဟိသည်ဟုဆိုပါသည်။ကမ္ဘာ့ဖ လားဘောလုံးပွဲများကိုဆိုလျှင်ကြည့်ရှုသူဦးရေ၂ဘီလီယံကျော်(ကမ္ဘာ့လူဦးရေစုစုပေါင်း၏သုံးပုံတပုံ ကျော်) ထိဟိကြောင်းစစ်တမ်းများတွင်ဖေါ်ပြပါသည်။

ဘောလုံးကဇါပ်ခြင်းကိုလူသားများအနိန်ဖြင့်မည်သည့်အချိန်ကမည်သို့စတင်ကဇါပ်ခကတ်သည်ကို တိကျစွာ မသိရသော်လည်းဘောလုံးကဲသို့သောလုံးဝန်းသည့်အလုံးတလုံးကိုလူတယောက်နှင့်တယောက်ကြားတွင်လည်းကောင်း၊အများကြားတွင်လည်းကောင်းကန်ကျောက်လူးလိမ့်၍ကဇါပ်ကတ်သည့်အလေ့အထမှာမူလူသားမျိုးနွယ်စု၏သမိုင်းနှင့်ချီသည့်ကဇါပ်နည်းတမျိုးဖြစ်ကြောင်း အားလုံးကလက်ခံထားကတ်ပါသည်။ သို့ဖြင့်ဘောလုံးကဇါပ်ခြင်းကဲသို့သော အားကစားမျိုးကိုဖြိုဟောင်းအီဂျိ၊ ဂရိ၊ ရောမ၊ အိန္ဒိယနှင့် တရုတ်ပြည်ရို့တွင် ကဇါပ်ခကတ်သည်ဟုသမိုင်းပညာသျှင်များထင်မြင်ယူဆကတ်ပါသည်။

ဘဇောင်ပင်ဆိုစီအေနိခေတ်အကျွန်ရို့ကဇါပ်နိန်ကတ်သည့်ခေတ်သစ်ဘောလုံးကဇါပ်နည်းကိုမူအိန်ဂလန်(England)နိုင်ငံမှစတင်ခ ပါသည်။၁၈၆၃ခုနှစ်တွင်လန်ဒန်ဘောလုံးအစည်းအရုံး(London Football Association)၏ကြီးကြပ်မှုအောက်တွင်ခေတ်သစ်ဘောလုံးကဇါပ်ခြင်းစည်းမျဉ်း၊စည်းကမ်းများကိုရွီးဆွဲ၊ချမှတ်၍စတင်ကျင့်သုံးခပါသည်။ယင်းသို့ဖြင့်ဘောလုံးကဇါပ်နည်းသည် အိန်ဂလန်နိုင်ငံတွင်ရိပမ်းစားလူကြိုက်များသည့်အားကစားတရပ်ဖြစ်လာပြီး၁၈၈၈တွင်ပထမဦးဆုံးသောအသက်မွီးဝမ်းကျောင်းသဖေါဆန်သည့်ဘောလုံး အသင်းများကိုတည်ထောင်ကဇါပ်ခကတ်ပါသည်။ထိုနောက်တွင်အိန်ဂလိချ်ကုန်သည်များ၊ခရီးလားများမှတဆင့်ဘောလုံးသည်အခြားကမ္ဘာ့နိုင်ငံများသို့ပြန့်နှံ့ရောက်ဟိကာကမ္ဘာအနှံ့တွင်သူ့နိန်ရာနှင့်သူကဇါပ်နည်းကဇါပ်ဟန်များ ကွဲပြားခြားနားစွာဖြင့် ကဇါပ်လာကတ်ခြင်းဖြစ်သည်။ *(Reference: The New Book of Knowledge, V. 17, 2005)*



### ကွန်ပျူတာဆိုင်ရာ အတိုကောက်ဝေါဟာရများ

**BTW**—by the way

**C2C**—consumer-to-consumer

**CA**—certificate authority

**CAD**—computer-aided design

**CAE**—computer-aided engineering

**CAI**—computer-aided instruction

**CAM**—computer-aided manufacturing

**CASE**—computer-aided software engineering

**CAT**—computerized adaptive testing

**CATV**—cable television

**CBT**—computer-based training

**CCD**—charge-coupled device

**CCE**—Certified Computer Examiner

**CCIE**—Cisco Certified Internetwork Expert

**CCNA**—Cisco Certified Network Associate

**CCNP**—Cisco Certified Network Professional

**ccTLD**—country code top-level domain

**CD**—compact disc

**CDMA**—Code Division Multiple Access

**CDP**—continuous data protection

(Source: Discovering Computers 2008 / Shelly, Cashman, Vermaat)

## စက်တမ်ဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၆– အမေရိကန်ပြည်ထောင်စုနီဗားဒါးပြည်နယ်တွင်လီယဉ်ပျံတစီးပျက်ကျရာလူ(၃)ဦးခန့်သေဆုံးပြီး(၅၄)ဦးခန့်ဒဏ်ရာရဟိလာသည်ဟုဆိုသည်။

၁၇– ဂျပန်နိုင်ငံသည်၄င်း၏စစ်အိန်ဂျိန်နီယာ(၃၀၀)ကိုတောင်ဆူဒန်နိုင်ငံသစ်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်ကူညီဆောင်ရွက်ရန်အတွက်ကမ္ဘာ့ကုလသမဂ္ဂ အစီအစဉ်၏ အစိတ်အပိုင်းတရပ်အဖြစ် စီလွှတ်လားမည်ဟုဂျပန်ဝန်ကြီးချုပ်သစ်မှပြောဆိုလိုက်သည်။

၁၈– ဖိလိပိန်းသမ္မတဘနီနိုအကွီနိုသည်အမေရိကန်ပြည်ထောင်စုသို့အလည်အပတ်ရောက်ဟိသည်။

၁၉– ဂျပန်အစိုးရ၏ဝက်ဘ်စာမျက်နှာများတိုက်ခိုက်နှောက်ယှက်ခြင်းခံရကြောင်းကျိုဒိုသတင်းတွင်ဖေါ်ပြသည်။

၂၀– ကမ္ဘာ့ဌိကြီးစံနစ်သည်၂၀၀၈ခုနှစ်ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပြီးနောက်ပိုင်းတွင်မည်သည့်အချိန်အခါကနှင့်မှမတူသောတည်ငြိမ်မှုအားနည်းသည့်အခြေအနေတရပ်ထဲတွင်တည်ဟိနိန်ကြောင်းအပြည်ပြည်ဆိုင်ရာဌိကြီးရံပုံငွေအဖွဲ့ချုပ်(အိုင်အမ်အက်ဖ်) မှပြောဆိုလိုက်သည်။

၂၂– ဂျပန်၏ပထမနှင့် တတိယအကြီးဆုံးသံမဏိကုမ္ပဏီများပူးပေါင်းလိုက်ခြင်းဖြင့်ယင်းသည် ကမ္ဘာတွင်ဒုတိယအကြီးဆုံးသံမဏိကုမ္ပဏီဖြစ်လာလိမ့်မည်ဟုဆိုသည်။

၂၃– အမေရိကန်နှင့်ဥရောပနိုင်ငံများသည်ယင်းရို့၏ယိုယွင်းဆုတ်ယုတ်လာနိန်သည့်စီးပွါးရေးအားထိမ်းသိမ်းကတ်ရလိမ့်မည်ဖြစ်ကြောင်း၊သို့မဟုတ်ပါကကမ္ဘာ့စီးပွါးရေးသည်လွန်စွာထိခိုက်နစ်နာလာမည်ဖြစ်ကြောင်းကမ္ဘာ့ဘဏ်နှင့်အပြည်ပြည်ဆိုင်ရာဌိကြီးရံပုံငွေအဖွဲ့ရို့မှသတိပီးပြောကြားလိုက်သည်။

၂၄– လိဗျားတွင်ကြားဖြတ်အစိုးရ၏တပ်ဖွဲ့များသည် ဂဒါဖီ၏နောက်ဆုံးခံတပ်မြို့များထဲမှ မြို့တမြို့ကိုဝင်ရောက်လာကတ်ဗျာယ်ဖြစ်ကြောင်း သတင်းများတွင်ဖေါ်ပြသည်။

၂၅– ဆိုဒီအာရေးဗီးယားနိုင်ငံတွင်အမျိုးသမီးများအားဆန္ဒမဲပီးပိုင်ခွင့်နှင့်မြို့ပြဖွံ့ဖြိုးစည်ပင်ရေးတွင်ဝင်ရောက် အရွှီးခံပိုင်ခွင့်ကိုဆော်ဒီဘုရင်ကခွင့်ပြုလိုက်သည်။

၂၆– ဖိလိပိန်းတွင်တိုင်ဖုန်းမုန်းတိုင်းတိုက်ခတ်သဖြင့်မြို့တော်မနီလာတွင်ရုံးများ၊ကျောင်းများပိတ်ထားရသည်။

## စနီဂြိုဟ် (Saturn)



**တည်နေရာ။** ။ နီမုရီတွက်လျှင်ဆဌမမြောက်ဂြိုဟ်။

**နီမှအကွာအဝီး။** ။ ၈၈၅၀၀၀၀၀၀မိုင် (၁၄၀၀၀၀၀၀၀၀ ခီလိုမီတာ)။

**နီကိုတပတ်ပတ်မိရန်ကြာသည့်ရက်ပေါင်း။** ။ ၂၉.၅ (ကမ္ဘာ့အခြီပြု)နှစ်။

**အချင်း။** ။ ၇၄၅၀၀မိုင် (၁၂၀၀၀၀ခီလိုမီတာ)။ (ကမ္ဘာ့အချင်းထက်၉ဆခန့်ကြီးသည်။)

**အလီးချိန်။** ။ ၅၆၈ ဆက်စ်တီလီယံတန် (sextillion tons) (ကမ္ဘာ့အလီးချိန်၏ ၉၅ ဆခန့်ဟိသည်။)

**သိပ်သည်းဆ။** ။ ၁ ကုဗဆိန်တီမီတာလျှင် ၀.၇ ဂရမ်။

**ဝင်ရိုးဗဟိုပြုတပါတ်လည်ရန်ကြာချိန်။** ။ ၁၀ နာရီ ၄၀ မိနီ။

**ဝင်ရိုးတိမ်းစောင်းမှု။** ။ ၂၆.၇ ဒီဂရီ။

**မျက်နှာသွင်ပြင်။** ။ မျက်နှာသွင်ပြင်ကိုသီးခြားဖေါ်ပြရန်မဖြစ်နိုင်ပါ။ဘဇာကြောင့်ဆိုသော်စနီဂြိုဟ်သည်အငွေ့လုံးကြီးဖြစ်သည်။

**ဂြိုဟ်၏မျက်နှာပြင်ကိုလွှမ်းခြုံထားသည့်အရာ။** ။ ဟိုက်ဒြိုဂျိန်၊ ဟယ်လီယမ်။

**အပူချိန်။** ။ –၂၄၃၀ဒီဂရီဖာရိန်ဟိုက် (–၁၅၃ဒီဂရီစိန်တီဂရိတ်)။

**ဂြိုဟ်အမှတ်အသား။** ။ ♄

*သိထားသင့်သော*

*အင်္ဂလိပ်ဘာသာအတိုကောက်များ*

*(အယင်လမှ အဆက်)*

**Lat.** – latitude

လတ္တီကျူ။ ကမ္ဘာကြီးအားတောင်မြောက်ပိုင်းခြား၊သတ်မှတ်ထားသည့်မျဉ်းတန်း။

**Lon., long.** – longitude

လောင်တီကျူ။ ကမ္ဘာကြီးအားအရှိအနောက်ပိုင်းခြား၊သတ်မှတ်ထားသည့်မျဉ်းတန်း။

**Lieut., Lt.** – Lieutenant

ဒုဗိုလ်။ ဒုတိယအဆင့်အတန်း။

**Lit.**-literary

ဘာသာစာပီဆိုင်ရာ

**L.P.N.** licensed practical nurse

လက်မှတ်ရသူနာပြု

**Ltd.**- Limited

လီမီတက်။ (ကုမ္ပဏီ)။

**m.**-married, meter

လက်ထပ်ထိမ်းမြားပြီးဖြစ်။ မီတာ။

**M.A.**-Master of Arts

မဟာဝိဇ္ဇာဘွဲ့။

**Maj.**-Major

ဗိုလ်မှူး

**max.**-maximum

ဖြစ်နိုင်ခြီအများဆုံးပမာဏ

**M.B.A.**-Master of Business Administration

စီးပွါးရေးစီမံအုပ်ချုပ်မှုဆိုင်ရာမဟာဘွဲ့။

*ဆက်လက်ဖေါ်ပြလားပါမည်။*

## စက်တမ်ဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ

၂၆– ပုပ်ရဟန်မင်းကြီးဘေနေဒိ ၁၆ သည်သူ၏ဇာတိမြေ ဂျာမဏီသို့ပထမဦးဆုံးသော တရားဝင်အလည်အပတ်ခရီးစဉ်အဖြစ် စတင်ရောက်ဟိသည်။

၂၆– ရာသျှားဘဏ္ဍာရေးဝန်ကြီးသည်သမ္မတနှင့်သဖေါထားကွဲလွဲမှုများဖြစ်သဖြင့်ရာထူးမှနုတ်ထွက်လားသည်။

၂၇– ပြည်သူများ၏နားလည်မှုလွဲမှားခြင်းအားသျှောင်သျှားနိုင်ရန်အလို့ငှါ တရုတ်ပုလိပ်များအားလူမှုကွန်ယက်ဝက်ဘ်ဆိုဒ်များကိုပိုမိုအသုံးပြုကတ်ရန် အာဏာပိုင်များမှညွှန်ကြားထားသည်ဟုဆိုသည်။

၂၈– အေမဇင်(Amazon)ကုမ္ပဏီသည်ပန်းသီမှအိုင်ပတ်(iPad)ကိုယှဉ်ပြိုင်ရန်အတွက်၄င်း၏ခိန်ဒယ်ဖိုင်း၇်(Kindle Fire)ကိုစတင်ဖြန့်ချီသည်။

၂၈– ဘိုးအိန်း၇၈၇ဒရိမ်းလိုင်နာလီယဉ်ပျံသည် ဂျပန်နိုင်ငံတိုကျိုလီယဉ်ပျံကွင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် စတင်ဆင်းသက်သည်။

၂၈– ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင်မန်ချက်စတာယူနိုက်တက်အသင်းသည်ဘိုင်ဇယ်အသင်းကို ၃–၃ နှင့်ဒရှင်ကျပြီး ဘိုင်ယန်မျူးနိအသင်းသည် မန်ချက်စတာစီးတီးအသင်းကို ၂–ဝ ဖြင့်အနိုင်ရဟိလားသည်။

၂၉– ဥရောပကလပ်များဘောလုံးပြိုင်ပွဲ(ချန်ပီယံလိဂ်)တွင်ဘာစေလိုနာအသင်းသည်ဘိတ်ဘော်ရိုဆော့အသင်းကို ၅ဂိုး–ဂိုးမဟိ ဖြင့်နိုင်၍ချယ်လ်ဆီးအသင်းသည်ဗာလန်ချာအသင်းနှင့်ဒရှင်ကျလားကတ်သည်။

၃ဝ– တိဘက်ဘာသာရေးဂေါင်းဆောင်ဒလိုင်းလားမားသည်ဒိစမွန်တူတူး၏အသက်(၈ဝ)ပြည့်မွီးနိပွဲသို့တက်ရောက်ရေးဗီဇာတောင်းခံမှုကိုတရုတ်အစိုးရ၏ဖိအားပီးမှုများကြောင့်တောင်အာဖရိကမှဆိုင်းငံ့ထားလိုက်သည်။

၃ဝ– လိဗျားတွင်ဂဒါဖီ၏ဇာတိမြို့ဖြစ်သည့်ဆာတီလီယဉ်ပျံကွင်းအားပြောက်ကျားတပ်ဖွဲ့များမှသိမ်းပိုက်လိုက်ဗျာယ်ဖြစ်သည်။



## (၆၃)ကြိမ်မြောက်အကောင်းဆုံးရုပ်မြင်သံကြားဇာတ်လမ်းဆုဗျား



**Drama Series(အကောင်းဆုံးအခန်းဆက်ဇာတ်လမ်းရှည်):** "***Mad Men***," AMC.

**Actress, Drama Series(အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်–အခန်းဆက်ဇာတ်လမ်း):** *Julianna Margulies*, "***The Good Wife***," CBS.

**Actor, Drama Series(အကောင်းဆုံးအမျိုးသားသရုပ်ဆောင်–အခန်းဆက်ဇာတ်လမ်း):** *Kyle Chandler*, "***Friday Night Lights***," DirecTV/NBC.

**Supporting Actor, Drama Series(အကောင်းဆုံးအမျိုးသားဇာတ်ပို့–အခန်းဆက်ဇာတ်လမ်း):** *Peter Dinklage*, "***Game of Thrones***," HBO.

**Supporting Actress, Drama Series(အကောင်းဆုံးအမျိုးသမီးဇာတ်ပို့–အခန်းဆက်ဇာတ်လမ်း):** *Margo Martindale*, "***Justified***," FX.

**Writing, Drama Series(အကောင်းဆုံးဇာတ်ညွှန်းရွီးသားမှုဆု–အခန်းဆက်ဇာတ်လမ်း):** *Jason Katims*, "***Friday Night Lights***," NBC.

**Directing, Drama Series(အကောင်းဆုံးဒါရိုက်တာဆု–အခန်းဆက်ဇာတ်လမ်း):** *Martin Scorsese*, "***Boardwalk Empire***," HBO.

**Comedy Series(အကောင်းဆုံးရယ်စရာဇာတ်လမ်း):** "**Modern Family**," ABC.



"မှတ်စိမ့်သောငှါ၊ကျမ်းလာမှန်လှ ဖေါ်ပြထင်ထင်၊ နှစ်တွင်အဦး တန်ခူးသာခေါင်"

*"သည်းတွင်ချမ်းငြိမ်း၊တစိမ့်စိမ့်နှင့် နှစ်သိမ့်ရွှင်လန်း၊ ပီတိမွမ်းမျှ"*


"ဖြူပြာနီညို၊ ရွှန်းစိုစိုသည် နှစ်လိုရှုဖွယ်သာတည်း"

*"နှစ်ပါးမြိုင်ဆိုင်၊ သူနိုင်ငါတင်း အငြင်းပွါးကာ၊ ပြောင်းဇာဝါသံ သောင်းသောင်းညံမျှ"*

"ထိုမင်းခရီကား အိမ်နိမ့် ၄၂၊ နန်းစံ ၂၅ နှစ်၊ နှစ်စုသက်တော်၆၇ သက္ကရာဇ် ၈၂ဝ တွင်လွန်တော်မူလေသည်"

*"လူပျိုဘဝ၊ ကညာပျိုနှင့် နှစ်ကိုယ်ကျကာ၊ ဆွချင်တို့ချင် စကားငင်ပျာ"*

"နှင်းသံဖြောက်ဖြောက်၊ ပေါက်ပေါက်ဖေါက်သို့ ကြားရရေလေ"




"သမ္မတတိတက်လိုက်ကျလိုက် ဖြစ်နိန်ကတ်ကေလည်း ဗဟို တရားရုံးချုပ်(တရားဥပဒေ) က တော့ကေအမြဲတမ်းတည် ဟိနိန်လီဖို့စွာပင်ဖြစ်ပါရေ"

"အကျွန်ထမ်းရှက်လားရဖို့ တာဝန်ဝတ္တရားတိ(သို့မဟုတ်) အကျွန့်ဝန်ကြီးအဖွဲ့ ထမ်းဆောင်လားရဖို့တာဝန် ဝတ္တရားတိအားလုံးရေ တရားဥပဒေဘောင်အတွင်းက ဖြစ်ကိုဖြစ်ဖို့လိုအပ်ပါရေ"

"သတင်းစာတိကပြောနိန်၊ ရှီးနိန်ကတ်စွာတိကိုမစိုးရိမ် ကတ်ပါကေ့၊ အကျွန်မစိုးရိမ်ပါ၊ အသူဂါးဂရုစိုက်ဖို့လိုလို့ရောင်၊ သတင်းထောက်တိကို အကျွန်က အမှန်ကိုအမှန် အတိုင်းပြောပြပါရေ၊ သို့သော်ယင်းအမှန်တိကို ပြောရေအချိန်မှာ သူရို့တိ (သတင်းထောက်တိ) ရေ ပင်လယ်ထဲကို ရောက် ရောက် နိန်ကတ်ယင့်"

"အေဂုအချိန်မှာအကျွန်သမ္မတ ပါ၊ ဟိုက အေက ဝိုင်းကဇါပ် နိန်ကတ်တေကြားထဲမှာ အကျွန် ပင်ပမ်းလုပါဗျာယ်"

**(ဝီလီယမ်ဟောင်းဝဲ့ထဲ့ဖ်)**

အာဏာပိုင်များအားကြောက်ရွံ့ခြင်း၊မိမိရို့ကိုယ်ကိုမိမိရို့ သေးနုတ်သိမ်ဖျင်းစွာတွေးထင်ခြင်းအစဟိသည့် 'အသံ အတားအဆီး'များကို ချိုးဖေါက်၊လွန်မြောက်ပစ်ခသည့် မြန်မာနိုင်ငံ၏ပိုင်းလော့'ချာ့က်ယီဂါ'ဖြစ်သည်။ ဆရာ တော်အသျှင်သူမြတ်သည်ယင်းသို့သောစွန့်လွှတ်၊စွန့် စားမှုများ၊ပီးဆပ်မှုများ၊အနစ်နာခံမှုများကိုသူ၏ငွီကြီး ဆိုင်ရာအကျိုးအမြတ်အတွက်သော်လည်းကောင်း၊ ရာထူးအာဏာရလိုမှုအတွက်သော်လည်းကောင်း၊ မြင့်မြတ်ဂုဏ်အင်လိုချင်တပ်မက်၍သော်လည်းကောင်း ပီးဆပ်၊လုပ်ဆောင်နိန်ခမှုမဟုတ်ပဲမြန်မာပြည်သားများ သူ့ကျွန်ဘဝမှလွှတ်မြောက်ရေး၊စိတ်ဓါတ်မြင့်မားကောင်း မွန်ရေး၊နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်များထက်သန်ပြင်းပြစွာ ဖြင့်နိုင်ငံ့လွတ်လပ်ရေးရယူရေးဆိုင်ရာများကိုကိုယ်ကျိုး ဖက်လိုမှုအလျဉ်းမဟိပဲလုပ်ဆောင်နိန်ခခြင်းသည်သူတ ပါးအားကောင်းစားစီလို၍၊ပြည်ထောင်စုစိတ်ဓါတ်ပြည့်ဝ လွန်း၍ဖြစ်ကြောင်းသိသာထင်သျှားလှပါသည်။

အမှန်မှာဆရာတော်သည်ထိုမျှသာမဟုတ်၊ မြန်မာနိုင်ငံသားရို့အားကျင့်ဝတ်နှင့်စိတ်ဓါတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုအတွက်လည်းဦးဆောင်စည်းရုံး၊ဟော ပြောဆုံးမ၊သွန်သင်ခသူပုဂ္ဂိုလ်တဦးဖြစ်ပါသည်။ဆရာ တော်မိန့်မှာသည့် အောက်ပါစကားရပ်များကိုကြည့်ရှု ဖြင့်အသျှင်သည်ပြည်သူများအားကျင့်ဝတ်နှင့်စိတ်ဓါတ် ပိုင်းဆိုင်ရာရို့၌ပါ ဘဇောင်မျိုးဦးဆောင်ခသည်ကို သိ ဟိနိုင်ပါ၏–

"ဦးပဇင်းရို့အဖိုး၊အဖီးရို့မှာအစိုးရိမ်၊ အကြောင့်ကြ လည်းမဟိခကတ်၊အေဂုဦးပဇင်းရို့မှာကားသူရဲဘော ကြောင်ပနာ သူကြီး (သို့မဟုတ်) ပုလိပ်သံကြားကေပင် တကိုယ်လုံးဆတ်ဆတ်တုန်နိန်ကတ်သည်"

"မိမိရို့၏ခွန်အားမှာမိမိရို့၏တည်ကြည်ခိုင်ခံ့ခြင်း၊အကျင့် စာရိတ္တကောင်းမွန်ခြင်း၊ စည်းလုံးညီညွတ်ခြင်းရို့၌တည် နိန်သည်ဖြစ်ရာတဦးကိုတဦးဆဲဆိုပြစ်တင်ခြင်း၊ ငြူစူစောင်းမြောင်းခြင်းအမှုရို့ကိုပြုပနာ မိမိရို့ခွန်အားကို မဆုတ်ယုတ်ကတ်စီကေ့" ။

ယင်းသို့ဖြင့်ထောင်အကြိမ်ကြိမ်ကျခံကာမြန် မာပြည်လွတ်မြောက်ရေးအတွက်ဦးဆောင်ကြိုးပမ်း သည့်မီးရှူးတန်းဆောင်ကြီးဖြစ်သူ ဆရာတော်အသျှင် ဦးဥတ္တမသည် နိုင်ငံလွတ်လပ်ရေးအတွက် လုပ်ဆောင်ခ သည့် ထိုထိုသောကြိုးပမ်းမှုများကိုသာမကသိပါ။ မိမိ ရို့အာဏာအတွက်မည်သည့်အရာကိုမဆို ပြုမူလုပ်ကိုင် ရန်၊လိမ်ညာရန်၊ဖေါက်ပြန်ရန်ဝန်မလီးသည့် နိုင်ငံရေးသ မားစားဖါးအချို့ရို့က အသျှင်ဖုရားအား နည်းဗျူဟာကျ ကျအသုံးချခကတ်သည်ကိုလည်း ဝမ်းနည်းဖွယ်ရာ လေ့ လာတွို့ဟိရပါသည်။၁၉၃၅ခုနှစ်၊(၉၁)ဌါနအုပ်ချုပ်ရေး လက်ခံရန်ကျင်းပသည့်ရှီးကောက်ပွဲအတွက်ငါးပွင့်ဆိုင် နိုင်ငံရေးသမားအချို့သည်ဆရာတော်အားအိန္ဒိယပြည် မှလီယဉ်ပျံဖြင့်လှည့်ပတ်ပင့်ဆောင်လာပြီးနောက်မဲဆွယ် တရားဟောပြောပီးရန် အသုံးချကတ်ပြန်ပါသည်။ ဦးဥတ္တမ၏ဩဇာအသျှိန်အဝါဖြင့်ငါးပွင့်ဆိုင်အဖွဲ့သည်အ မတ်ဦးရေ (၄၅)ယောက်ဟိ၍အင်အားအကြီးဆုံးသောပါ တီကြီးအဖြစ်ဥပဒေပြုလွှတ်တော်သို့ရောက်ဟိသည် အထိအမြတ်ထုတ်ယူခကတ်ပြီးနောက်'ဖုရားပြီးငြမ်း ဖျက်'ဆိုသျှောင်ပိုင်၊ ရှီးကောက်ပွဲပြီးသည်နှင့် ဆရာ တော်အား စွန့်ပစ်လိုက်ကတ်ပါလီသည်။

◆ ◆ ◆ ◆

***"မိမိရို့၏ခွန်အားမှာမိမိရို့၏ တည်ကြည်ခိုင်ခံ့ခြင်း၊အကျင့် စာရိတ္တကောင်းမွန်ခြင်း၊ စည်း လုံးညီညွတ်ခြင်းရို့၌ တည်နိန်သည်ဖြစ်ရာတဦးကို တဦးဆဲဆိုပြစ်တင်ခြင်း၊ ငြူစူ စောင်းမြောင်းခြင်း အမှုရို့ ကိုပြုပနာ မိမိရို့ ခွန်အားကို မဆုတ်ယုတ်ကတ်စီ ကေ့"***

◆ ◆ ◆ ◆

သို့ဖြင့်တခါတလီလူလားလမ်းဘေးတွင်ဆွမ်း ဘုဉ်းပီးနိန်သောအသျှင်ဥတ္တမအားလည်းကောင်း၊တခါ တလီသစ်ပင်အောက်တွင်သပိတ်ကိုဂေါင်းအုံးကာအ နားယူကျိန်းစက်နိန်သည့် အသျှင်ဥတ္တမအားလည်း ကောင်း၊အိမ်တန်းခါးဝများသို့လာရောက်ကာ *'သတင်း စာတစောင်လောက်ဖတ်ပါရစီ'* ဟု သူဖတ်ချင်သော သတင်းစာများကိုလာရောက်အလှူခံလေ့ဟိသော အသျှင်ဥတ္တမအားလည်းကောင်းတွို့ဖူး၊မြင်ဖူးကတ်ရ ကြောင်းများကိုလည်းစာစောင်၊စာတမ်းများတွင်ဖတ်ရှုရ ပြီး၊နောက်ဆုံးတွင် လူမသိ၊ သူမသိ၊မထင်မသျှားဘဝဖြင့် ပျံလွန်တော်မူခြင်းဖြင့်မြန်မာ့လွတ်လပ်ရေးမီးရှူးတန်း ဆောင်ရခိုင်အမျိုးသားကြီး၊ဆရာတော်အသျှင်ဦး ဥတ္တမ၏ဘဝနိဂုံးချုပ်ကာ၊အသျှင်၏သမိုင်းသည်လည်း စုံးစုံးမြုပ်လားပါလီသည်။

အသျှင်ဘုရားအားဂုဏ်ပြုသည့်အနိန်ဖြင့် ဆရာတော်နာမည်ဖြင့်တည်ဟိခဖူးသည့်ရန်ကုန်မြို့ဟိ ပန်းခြံ၊ လမ်း စသည့်အထိမ်းအမှတ်များအား (ဘဇာ အကြောင်းကြောင့်ဟူသည်ကိုတိကျစွာမသိရပါ)အာ ဏာပိုင်များက နာမည်များပြောင်းပစ်လိုက်ကတ်ပါ သည်။

**ထိုသို့လျှင်သူမတူသောရိုးသားမှု၊ကြိုးစားမှု၊ ထူးချွန်မှု၊သတ္တိဟိမှု၊သစ္စာဟိမှု၊စွန့်လွှတ်အနစ်နာခံမှု၊ ပြည်ထောင်စုစိတ်ဓါတ်ပြည့်ဝမှုစသည့်အရည်အချင်း များနှင့်ပြည့်စုံသည့် မြန်မာ့လွတ်လပ်ရေး၏ ဦးသျှောင်၊ အာသျှနီဝန်းအသျှင်ဦးဥတ္တမအားဂုဏ်ပြုသည့်အထိမ်း အမှတ်အဖြစ်“ဦးဥတ္တမနိအခမ်းအနား”များအား ဆင်း ရဲသော၊ စာမတတ်သော၊ အောက်ကျ၊ နောက်ကျ၊ ချိုးနှိမ်ခံဘဝ၊ နင်းပြားခံဘဝများဖြင့် မသီရှုံတမယ် အ သက်ရှင်ခွင့်ရနိန်ကတ်သည့်၊ အသျှင့်အားလူသားတဦး အဖြစ်မွီးဖွါးဖြစ်တည်စီခသည့်‘ရခိုင်’လူမျိုးများသည်ပင် ဟိတတ်သမျှသော စွမ်းအင်များနှင့်အတူ မထင်မသျှား ဆက်လက်ပြုလုပ်လျှက် ဟိနိန်ပါကြောင်း။ ။**

**ရောက်ဟိ၊ စံမြန်းရာ ဘုံဘဝမှ သာဓု ခေါ် တော်မူပါအသျှင်ဖုရား။ ။**

*မောင်ဦးသိန်းမောင်*

ကျမ်းကိုး။

ဆရာအေးသိန်း၏ ‘နိုင်ငံအကျိုးပြုအဖိုးတန်ရတနာများ’

## *ကလောင်သွီးကတ်ပါ*

***နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်*** **သို့ စာမူများပီးပို့နိူင်ကတ်ပြီး စာစောင်တွင် ပုံနှိပ်ဖေါ် ပြရန် ရွီးချယ်ခံရပါက အဆိုပါစာမူပီးပို့သူတိုင်းအား ‘နိုင်ငံတကာရေးရာသတင်းစဉ်’ တစောင်စီကို အသိအမှတ်ပြုလက်ဆောင်အဖြစ် (အမေရီကန်ပြည်ထောင်စုအတွင်းတွင်) ပီးပို့လားမည် ဖြစ်ပါသည်။ အမေရီကန်ပြည်ထောင်စုပြင်ပမှဆိုပါက စာအုပ်အပြည့်အစုံကို E-Mail မှတဆင့် ပီးပို့လားမည်ဖြစ်ပါသည်။ ကျေးဇူးတင်ပါသည်။**





**William Howard Taft**

**ဝီလီယမ်ဟောင်းဝဲ့ထဲ့ဖ်**

(၂၇ ဦးမြောက်အမေရီကန်သမ္မတ)

**မွီးနိ။** ။ စက်တမ်ဘာ ၁၅၊ ၁၈၅၇။

**ဘဝသက်တမ်း။** ။ ၁၈၅၇–၁၉၃၀။

**မွီးရပ်။** ။ စိန်စိန်နာထီ၊ အိုဟိုင်းအိုး ပြည်နယ်။

**အမိ။** ။ လူးဝိစ်မာရီးယားထိုရီ ထဲ့ဖ်။

**အဖ။** ။ အယ်လ်ဖွင်ဆိုထဲ့ဖ်။

**မယား။** ။ ဟယ်လန်ဟယ်ရှင်ထဲ့ဖ်။

**သားသမီးများ။** ။ ရော်ဘာ့၊ဟယ်လန်၊ ချားလ်စ်။

**ကောလိပ်/တက္ကသိုလ်။** ။ ယဲလ်၊ စိန်စိန်နာထီဥပဒေကျောင်း။

**အသက်မွီးအလုပ်အကိုင်။** ။ ဗြိုနီ၊ တရားသူကြီး၊ဥပဒေရေးရာပါမေါက္ခ။

**နိုင်ငံရေးလုပ်သက်။** ။ ဖီလီပိုင်ကျွန်း စုများဆိုင်ရာအုပ်ချုပ်ရေးမှူး၊ စစ်ဖက် ဆိုင်ရာအတွင်းဝန်၊ သမ္မတ၊ ဗဟို တရားရုံးတရားသူကြီးချုပ်။

**ပါတီ။** ။ ရီဖါဗလီကိန်။

**ဒေသခံပြည်နယ်။** ။ အိုဟိုင်းအိုး။

**သမ္မတရွီးကောက်ပွဲသက်တမ်းတ လျှောက်အတိုက်အခံများ။** ။ William Jennings Bryan; Woodrow Wilson; Theodore Roosevelt

**သမ္မတသက်တမ်း။** ။ Mar 4, 1909 မှ Mar 3, 1913 ထိ။

**ဒုတိယသမ္မတ။** ။ ဂျိမ်းစခိုးခရာ့ဖ် သျှားမန်း (James Schoolcraft Sherman)။

• • • • • • • •

**‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်’ဝယ်ယူအားပီးသူများ၊ကူညီဖြန့်ချီပီးသူများနှင့် ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးအပေါင်းအား အထူးကျေးဇူးတင်ဟိကြောင်းမှတ်တမ်းတင်အပ်ပါသည်။**


**Sources:** ***(အေစာစောင်ပါသတင်းနှင့်အချက်အလက်အချို့ကို အောက်ဖေါ်ပြပါသတင်းဌါနများနှင့် စာအုပ် စာတမ်းများမှ စုဆောင်းရယူပါသည်။)***

ရခိုင်ဝေါဟာရအဘိဓါန်ကျမ်း (အသျှင်ဝါသဝ)

ရခိုင်ရှေးဟောင်းမြို့တော်များ (ထွန်းရွှေခိုင်—စစ်တွေ ကောလိပ်)

Time Magazine

Oxford Essential Biographical Dictionary

The New York Times Alamanac (2007)

The New Book of Knowledge (2005)

Student Discovery Encyclopedia (2003)

Countries of the World and Their Leaders

Yearbook (2004)

Chronicle of the 20th Century

The Complete Book of U.S. Presidents

http://www.bangkokpost.com/news/

http://www.bbc.co.uk/news/

http://www.cnn.com/

http://www.news24.com/

http://www.topix.com/world/south-america

http://www.smh.com.au/

# မြီပုံကြည့်ယက်ပင်းသတင်းဖတ်




ဒုတိယကမ္ဘာစစ်အတွင်းက ငွေတန်ချိန် ၂၀၀ကို တင်ဆောင်လာပြီးမြုပ်လားသည့်ဗြိတိသျှသင်္ဘောတစင်းကိုအတ္တလန်တိတ်သမုဒ္ဒရာထဲတွင်တွေ့ဟိရကြောင်းနှင့် တန်ဖိုးမှာအမေရိကန်ဒေါ်လာသန်း ၂၃၀ ကျော်ဖိုးဟိရာယင်းမှာသမုဒ္ဒရာရီပြင်အောက်တွင်တွေ့ဟိရသည့်သတ္တုများအနက်အများဆုံးပမာဏဖြစ်သည်ဟုဆိုသည်။အရှည် ၄၁၂ ပေဟိသည့်ယင်းစစ်သင်္ဘောသည် စစ်အတွင်းကာလ (၁၉၄၁) ခုနှစ်တွင်အိန္ဒိယမှပြန်လာချိန်၊မြောက်အတ္တလန်တိတ်သမုဒ္ဒရာအတွင်းဂျာမန်ရီငုပ်သင်္ဘောမှတိုက်ခိုက်မြုပ်ပစ်လိုက်ခြင်းဖြစ်ပြီးအိုင်ယာလန်ကမ်းခြီမှမိုင်၃၀၀အကွာရီအနက်မီတာ ၄၇၀၀ တွင်တွေ့ဟိခြင်းဖြစ်သည်ဟုဆိုသည်။

*(ဘီဘီစီ၊စက်တမ်ဘာ ၂၆)*





ကိင်ညာအပြီးသမား ဖါ့ထရိမာကူ (Patrick Makau)သည် ဘာလိန်မာရသွန်အပြီးပြိုင်ပွဲ၌ ၂ နာရီ၊ ၃ မိနိ၊ ၃၈ စက္ကန့်ဖြင့်ပန်းဝင်လားရာယင်းမှာကမ္ဘာ့မာရသွန်စံချိန်သစ်တင်လိုက်ခြင်းဖြစ်သည်။မာရသွန်အပြီးပြိုင်ပွဲကမ္ဘာ့စံချိန်ဟောင်းမှာ အီသီယိုးပီးယားအပြီးသူရဲကောင်းဟိုင်လီဂယ်ဘာဆီဆီ(Haile Gebrselassie)၏၂၀၀၈ခုနှစ်တွင်တင်ထားခသည့် ၂ နာရီ၊ ၃ မိနိနှင့် ၅၉ စက္ကန့်ဖြစ်သည်ဟုဆိုသည်။ *(စီအန်အန်၊စက်တမ်ဘာ ၂၆)*




နော်ဝေပထမတန်းဘောလုံးအသင်းတသင်းဖြစ်သည့်အော့ဂရိန်းလန်းအသင်း၏ကွင်းလယ်ဖန်တီးသျှင်တဦးဖြစ်သူဂျုန်းဆမ်မျူလ်ဆန်(Jone Samuelsen)သည်ထရော်ဆုမ်းအသင်းသို့ ၅၇မီတာ(၁၈၈ပေနီးပါး)အကွာအဝီးမှဂေါင်းတိုက်သွင်းယူလိုက်ရာယင်းအကွာအဝီးမှာဂေါင်းတိုက်သွင်းယူသည့်ဂိုးများအားလုံးထဲတွင်အဝီးဆုံးအကွာအဝီးအဖြစ်ကမ္ဘာ့စံချိန်တင်လိုက်ခြင်းဖြစ်သည်ဟုဆိုသည်။

*(ဘန်ကောက်ပို့စ်၊ စက်တမ်ဘာ ၂၇)*








4

အေဆီယံနိုင်ငံအဖွဲ့ဝင်များကြားတွင်ဝင်ငွီနှင့်ဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်းအားလျှော့ပါးလားစီရေးစီမံကိန်းအကောင်အထည်ဖေါ်ရန်အတွက် ရံပုံငွီအမေရိကန်ဒေါ်လာသန်း၅၀၀ခန့်ကိုမတည်လှူဒါန်းမှုပြုလုပ်လိုက်ကတ်သည်ဟုဆိုသည်။ယင်းရံပုံငွီကိုဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံများတွင်လမ်းပမ်းဆက်သွယ်မှုကောင်းမွန်စီရေး၊လျှပ်စစ်ဓါတ်အားလုံလောက်စွာသုံးစွဲနိုင်ရေးဆိုင်ရာများတွင်အသုံးပြုလားမည်ဖြစ်ပြီးရံပုံငွီအများဆုံးလှူဒါန်းသည့်နိုင်ငံမှာဒေါ်လာသန်း၁၅၀ထည့်ဝင်သည့်မလေးသျှားနိုင်ငံဖြစ်ပြီးအေဆီယံပြင်ပမှအများဆုံးထောက်ပံ့သူနိုင်ငံများမှာ အမေရိကန်ပြည်ထောင်စုနှင့်ဂျပန်နိုင်ငံရို့ဖြစ်ကတ်သည်။

*(ဘန်ကောက်ပို့စ်၊ စက်တမ်ဘာ ၂၅)*

# သတင်းဖတ်ပနာမြီပုံကြည့်







အယင်သမ္မတဟောင်းနှင့် လက်ဟိဝန်ကြီးချုပ်ဗလာဒီမီယာပျူတိန်မှ သမ္မတရှီးကောက်ပွဲဝင်ရန်သတင်းထုတ်ပြန်အပြီးတွင်လက်ဟိရာသျှားသမ္မတဒီမီထရီမယ်ဗီဒက်သည်လာမည့် ၂၀၁၂သမ္မတရှီးကောက်ပွဲတွင်ဝင်ရောက်အရှီးခံမည်မဟုတ်ကြောင်းနှင့်မစ္စတာပျူတိန်သည်သူ့ထက်ပိုမိုလူကြိုက်များပြီးပိုမို၍လည်းသြဇာတက္ကိမညောင်းသူဖြစ်ကြောင်းပြောကြားလိုက်သည်။သို့သော်၄င်းအခြေအနေသည်လာမည့်ရှီးကောက်ပွဲအားကြိုတင်ဟောကိန်းထုတ်ခြင်းမဟုတ်ကြောင်းနှင့်ဗဇောင်ပင်ဆိုစီအစိုးရအဖွဲ့ကိုလူသစ်များဖြင့်ပြောင်းလဲဖွဲ့စည်းလားရမည်မှာလိုအပ်ချက်တရပ်ဖြစ်ကြောင်းဖြင့်သူကဆိုသည်။

*(ဘီဘီစီ၊ စက်တမ်ဘာ ၃၀)*




တရုတ်ပြည်သည်အာကာသနည်းပညာပြောင်းလဲတိုးတက်ရေးစီမံကိန်း၏အစိတ်အပိုင်းတခုအဖြစ်အာကာသစမ်းသပ်ခန်းသုံးကရိယာများတင်ဆောင်ထားသည့်ထီယန်ဂေါင်းအမှတ်(၁)ဒုံးပျံကိုတရုတ်ပြည်မြောက်ပိုင်းဂိုဘီသဲကန္တာရမှနိန်၍ ၂၀၁၁၊စက်တမ်ဘာလ(၂၉)ရက်၊သောက်ကြာနိကပစ်လွှတ်လိုက်သည်။ထီယန်ဂေါင်း(Tiangong)သည်‘ကောင်းခင်ဘုံနန်းတော်’ဟုအဓိပ္ပါယ်ရပြီးတရုတ်ပြည်သည်အာကာသနည်းပညာပိုင်းတွင်အမေရီကန်ဒေါ်လာဘီလီယံပေါင်းများစွာကိုရင်းနှီးမြှုပ်နှံမှုများပြုလုပ်လျှက်ဟိနိန်ကြောင်းသတင်းများတွင်ဖေါ်ပြသည်။

*(ဘီဘီစီ၊ စက်တမ်ဘာ ၂၉)*




တရုတ်အစိုးရ၏နောက်ခံပြုမှုဖြင့် အမေရီကန်ဒေါ်လာ ၃.၆ သန်းအကုန်အကျခံတည်ဆောက်လားမည့်ရောတီမြစ်ဆုံ ရီကာတာတည်ဆောက်ရေးစီမံကိန်းအားသူ၏သမ္မတသက်တမ်းကုန်ဆုံးချိန်(၂၀၁၅)ခုနှစ်ထိရွှိဆိုင်း၊ဆိုင်းငံထားလိုက်ကြောင်းစစ်အစိုးရသမ္မတသိန်းစိန်မှပြောကြားလိုက်သည်။ မူလစီမံကိန်းအရယင်းရီကာတာသည် ၂၀၁၉ နှစ်တွင်တည်ဆောက်ပြီးစီးမည်ဖြစ်ပြီးရီကာတာ၏အမြင့်မှာပေ ၅၀၀ (၁၅၂ မီတာ) ဟိမည်ဖြစ်ရာကမ္ဘာ့အမြင့်ဆုံးရီကာတာဖြစ်လာမည်ဟုဆိုသည်။ အဆိုပါရီကာတာတည်ဆောက်ရေးစီမံကိန်းကြောင့် ကချင်ပြောက်ကျားများနှင့်စစ်အစိုးရကြားတိုက်ပွဲများဖြစ်ပွါးပြီးပြည်တွင်းမှပြည်သူများစွာ၏ဆန့်ကျင်ကန့်ကွက်မှုများကြောင့်ယင်းကဲသို့ရွှိဆိုင်းလိုက်ခြင်းဖြစ်သည်ဟု သတင်းများတွင်ဖေါ်ပြသည်။ *(ဘီဘီစီ၊ စက်တမ်ဘာ၃၀)*




ဘရာဇီးနိုင်ငံတွင်ကျင်းပသည့်ကမ္ဘာ့ရီအရင်းအမြစ်ဆိုင်ရာကွင်ဂရက်အစည်းအဝေးမှသုံးသပ်မှုများအရကမ္ဘာတွင်သန့်သျှင်းလတ်ဆတ်သည့်သောက်သုံးရီမှာအလုံအလေါက်ဟိကြောင်းနှင့်ပြဿနာမှာယင်းရီများကိုကမ္ဘာ့လူသားများကအကျိုးဟိစွာသုံးစွဲမှု/ မသုံးစွဲမှုသာဖြစ်သည်ဟုဆိုသည်။ကမ္ဘာ့မြစ်ကြီးများဖြစ်သည့်အာဖရိကမှနိုင်းလ် နှင့်ဗိုလ်တာ၊တောင်အမေရိကတိုက်မှဆော်ဖရန်ဆစ္စကိုနှင့်အန်ဒီးစ်၊အာသျှမှအိန်ဒူ–ဂင်္ဂါ၊မဲခေါင်နှင့်မြစ်ဝါမြစ်ရီသုံးစွဲမှုများကိုအခြီခံလျှက်နိုင်ငံပေါင်း ၃၀ ကျော်တွင်ငါးနှစ်ကြာသုတေသနပြုမှုများအရယင်းသုံးသပ်မှုကိုပြုခြင်းဖြစ်ကြောင်းဖြင့်ဆိုသည်။လာမည့်သက္ကရာဇ်၂၀၅၀တွင်ကမ္ဘာ့လူဦးရေသည် ၉ ဘီလီယံခွဲခန့်သို့ရောက်ဟိလာမည်ဖြစ်ရာယင်းအချိန်၌သုံးစွဲမည့်လုံလောက်သည့်သောက်သုံးရီဟိနိန်စီရန်မှာလက်ဟိလူသားများ၏ရီအရင်းအမြစ်အပေါ်အဓိပါယ်ဟိစွာသုံးစွဲမှုတွင်များစွာမူတည်ကြောင်းယင်းသုံးသပ်မှုတွင်ဖေါ်ပြထားသည်။ *(ဘန်ကောက်ပို့စ်၊ စက်တမ်ဘာ ၂၇)*

*(မျက်နှာဖုံးဆောင်းပါး)*

ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သောနယ်မြေ၌လူမျိုးပေါင်းများစွာနိန်ထိုင်ကတ်သည့်အထဲတွင်ဗမာမဟုတ်သည့် အခြားလူမျိုးများထဲ၌ ပြည်ထောင်စုစိတ်ဓါတ်အသူကဇာလောက်ဟိသည်၊အသူသည်ပြည်ထောင်စုစိတ်ဓါတ်အဟိဆုံးအစဟိသည်ရှိ့ကိုအကျွန်သေသေချာချာမသိပါ။ အကျွန်ရှိ့ရခိုင်လူမျိုးများထဲမှာဆိုလျှင်အကျွန်အေအသက်အရွယ်အထိတွိ့ဖူး၊ကြားဖူး၊လေ့လာမှတ်သားဖူးသမျှအထဲ၌ဆရာတော်အသျှင်ဦးဥတ္တမသည် ပြည်ထောင်စုစိတ်ဓါတ် အဟိဆုံးပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။

ဆရာတော်ဦးဥတ္တမသည်ပြည်ထောင်စုစိတ်ဓါတ်အဟိဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း လုံလောက်သောအကြောင်းပြချက် အကျွန့်မှာဟိပါသည်။ ပထမဦးစွာဆရာတော်၏အကြောင်းကို စကေ့ချေလောက် လေ့လာကြည့်ကတ်ပါမည်။

အသျှင်ဦးဥတ္တမ၏ငယ်နာမည်မှာပေါ်ထွန်းအောင်ဖြစ်ပြီးရခိုင်ပြည်၊စစ်တွေမြို့တွင်ဖွါးမြင်ခပါသည်။ဆရာတော်သည်ငယ်စဉ်ကပင်ပညာထူးချွန်ပြီးပညာရည်ချွန်ဆုတံဆိပ်ပေါင်းများစွာကိုရဟိခသူလည်းဖြစ်ပါသည်။ပညာထူးချွန်လွန်းသူအသျှင်သည်ကမ္ဘာအနှံ့လှည့်လည်လားလာ၊သီတင်းသုံးခပြီးအိန္ဒိယပြည်၊ဂျပန်ပြည်၊ကိုရီးယားပြည်စသည့်တိုင်းပြည်များမှတက္ကသိုလ်အချို့ရှိ့တွင်ပါမောက္ခအဖြစ်နှစ်ပေါင်းများစွာပညာတာဝန်ထမ်းဆောင်ခ သူ တဦးလည်းဖြစ်ပါသည်။ ပညာထူးချွန်ပြီး ဗုဒ္ဓဘာသာဖုန်းတော်ကြီးတပါးဖြစ်သည့်အသျှင်ဥတ္တမသည် ရခိုင်ပီပီရိုးသား၊အေးဆေးစွာနိန်ထိုင်တတ်သူတဦးလည်းဖြစ်ကြောင်းသူ့အကြောင်းကိုရှိုးသားခကတ်သည့်စာစောင်အချို့တွင်ဖေါ်ပြထားသည်ကိုဖတ်ရှုမှတ်သားဖူးပါသည်။ သူ့အားအိန်းဂလိချ်အစိုးရမှမိန်းမြန်းသည့်မိန်းခွန်းအချို့အားဆရာတော်မှပြန်လည်ဖြေကြားခပုံကောက်နုတ်ချက်ချေကိုအောက်မှာရှုပါ။

***အစိုးရတာဝန်ဟိပုဂ္ဂိုလ်။*** *။ အသျှင်ဖုရား၊အသျှင်ဖုရားသည်အိန္ဒိယပြည်၊ကိုးရီးယားပြည်၊ဂျပန်ပြည်စသည့်အနည်းဆုံးနိုင်ငံပေါင်းကိုးနိုင်ငံခန့်သို့လှည့်လည်လားလာသီတင်းသုံးနိန်ထိုင်ခသူဖုန်းတော်ကြီးတပါးဖြစ်ပါသည်။သို့ဖြစ်သည့်အလျောက်ကမ္ဘာ့နိန်ရာအနှံ့၌ အမျိုးအမည်များစွာသောဆွမ်းတော်များကိုဘုဉ်းပီးဖူးသူတဦးဖြစ်သည်မှာသေချာပါသည်။ မည်သည့်နိုင်ငံ၊မည်သည့်နိန်ရာဒေသ၌ပီးခဖူးသည့်ဆွမ်းဘုဉ်းအားအနှစ်သက်ဆုံး၊အကြိုက်ဆုံးဖြစ်ခ ဖူးပါလဲဖုရား။*

***ဆရာတော်အသျှင်ဦးဥတ္တမ။*** *။ တကာတော်၊နိန်ရာဒေသနှင့်ဆွမ်းဘုဉ်းအမျိုးအစားမှာပဓါနမဟုတ်ပါ။ ဦးပဇင်း၏ဝမ်းမီးဆာလောင်မွတ်သိပ်နိန်သောအချိန်တွင်ဘုဉ်းပီးရသောဆွမ်းတနပ်သည်အကောင်းဆုံးဆွမ်းပင်ဖြစ်ပါသည်။*

***အစိုးရတာဝန်ဟိပုဂ္ဂိုလ်။*** *။ အသျှင်ဖုရား၊အသျှင်ဖုရားသည်ကမ္ဘာ့နိန်ရာအနှံ့သို့လှည့်လည်နိန်ထိုင်၊သီတင်းသုံးခသူပုဂ္ဂိုလ်တဦးဖြစ်ရာ မည်သည့်နိန်ရာဒေသ၌သီတင်းသုံးရသည်ကိုမွိလျှော်မှုအဟိဆုံးပါလဲဘုရား။*

***ဆရာတော်အသျှင်ဦးဥတ္တမ။*** *။ စစ်တွေမြို့ဟိဦးပဇင်း၏ဇာတိ၊ ဖခမည်းတော်နှင့်မယ်တော်ရှိ့အိမ်သည်တကမ္ဘာလုံးတွင်ပျော်ရွှင်ချမ်းမြေ့စရာအကောင်းဆုံးနိန်ရာပင်ဖြစ်ပါသည်။*

ဗုဒ္ဓဘာသာဖုန်းတော်ကြီးတပါးလည်းဖြစ်၊ ကမ္ဘာ့အဆင့်မြင့်တန်းဝင်ပညာသျှင်တဦးလည်းဖြစ်သူ အသျှင်ဦးဥတ္တမသည် ကမ္ဘာအနှံ့လှည့်လည်လားလာလျှက်နိုင်ငံခြားတက္ကသိုလ်များတွင်ပါမောက္ခတဦးအဖြစ်ဖြင့်သက်တောင့်သက်သာ အီးအီးလူလူ သီတင်းသုံးနိန်ထိုင်လားမည်ဆိုလျှင်အခြေအနေမပျက်၊ပူပန်စရာမလိုပဲနိန်ထိုင်လားရုံပင်။ သို့သော်ဆရာတော်သည်ပြည်ထောင်စုစိတ်ဓါတ်ပြည့်ဝလွန်းသူပီပီ မိမိကိုယ်တိုင်၏အကျိုးကိုသော်လည်းကောင်း၊ မိမိအားမွီးဖွါးသန့်စင်ခသည့်ရခိုင်မျိုးနွယ်စုအတွက်သော်လည်းကောင်းတဖဲ့ချေမှမငဲ့ကွက်ပဲမြန်မာနိုင်ငံသို့ပြန်လာလျှက်အိန်းဂလိချ်စိုးရလက်အောက်မှလွတ်မြောက်ရေးအတွက် မြန်မာနိုင်ငံသားရှိ့အား စတင်မျက်စိဖွင့်ပီးခသူ၊ရှိတန်းတိုက်စစ်မှူးတဦးဖြစ်လာ ခလီသည်။

အသျှင်ဦးဥတ္တမမြန်မာနိုင်ငံသို့ပြန်လာသည့်ထိုခေတ်ထိုအခါကမြို့ပေါ်အရပ်များ၌ပင်အောက်ဆုံးတန်းသာမန်ပုလိပ်သားဆိုသူများကိုလည်းကောင်း၊ကျေးလက်တောရွာများ၌ကား အဟောဒါ၊ ဆယ်အိမ်ဂေါင်းရှိ့ကိုပင် မလှုပ်ဝံ့၊ မဟဝံ့လောက်အောင်ကြောက်ရွံ့ရှိသေနိန်ကတ်ရသည့်အထိစိတ်ဓါတ်ပျက်ပြား၊ အားနည်းနိန်ချိန်ပင်ဖြစ်ပါသည်။ (အကျွန်ရှိ့ရခိုင်ပြည်သူ၊ပြည်သားများ၏အနေိလက်ဟိအခြေအနေမှာ ထိုထက်အဆပေါင်းများစွာပင်ဆိုးရွားနိန်ပါသည်။ စကားချပ်။)

> ***ပြည်ထောင်စုစိတ်ဓါတ်ပြည့်ဝလွန်းသူပီပီ မိမိကိုယ်တိုင်၏အကျိုးကို သော်လည်းကောင်း၊ မိမိအားမွီးဖွါး သန့်စင်ခသည့်ရခိုင် မျိုးနွယ်စုအတွက်သော်လည်းကောင်း တဖဲ့ချေမှ မငဲ့ကွက်ပဲမြန်မာနိုင်ငံသို့ပြန်လာ လျှက်အိန်းဂလိချ်စိုးရလက်အောက်မှ လွတ်မြောက်ရေးအတွက် . . . .***

ယင်းသို့သောအခြေအနေ၌ 'ဂရက်ဒေါက်ထွက်လား' ဟူသည့်ရဲရဲတောက်စကားကိုပြောဆိုတရားဟောခြင်း၊လိပ်ခွံဂေါင်းဖီးများကိုဂေါင်းထက်မှချကာချိုးခိုင်းခြင်း၊ ပြည်သူများအားအကြမ်းမဖက်အနုနည်းဖြင့်ဆန္ဒပြရန်ဟောပြောလှုံ့ဆော်ခြင်းအစဟိသည်ရှိ့မှာဆရာတော်၏လူသိများသောလှုပ်သျှားပြုမူမှုများပင်ဖြစ်ပါသည်။ဆရာတော်၏သတ္တိဟိစွာ၊ဆင်ခြင်တုံတရားမျှတစွာ၊ပြည်ထောင်စုစိတ်ဓါတ်ပြည့်ဝစွာဖြင့်ဦးဆောင်စည်းရုံး၊လှုံ့ဆော်ခသည့်ထိုသို့သောကြိုးပမ်းလုပ်ဆောင်မှုများကြောင့်ပင်လျှင်'တို့ဗမာအစည်းအရုံး'ဟူသည်လည်းကောင်း၊'မြန်မာကျောင်းသားများသမဂ္ဂ'ဟူသည်လည်းကောင်း၊နိုင်ငံ့လွတ်လပ်ရေးကိုဦးတည်စီသည့်အခြားဝံသာနုအဖွဲ့အစည်းများသည်လည်းကောင်း၊'ကုမ္မာရီ'စသည့်လူမှုအဖွဲ့အစည်းများသည်လည်းကောင်း၊ပေါ်ပေါက်လာခြင်းဖြစ်သည်ဟုဆိုလျှင်မှားမည်မထင်ပါ။ တနည်းအားဖြင့်အသျှင်ဦးဥတ္တမသည်မြန်မာပြည်လွတ်လပ်ရေး၏ရှိဆောင်လမ်းပြဖြစ်သည်။ဦးသျှောင်မကိုင်ဖြစ်သည်။လွတ်လပ်ရေးစိတ်ဓါတ်အရင်းခံသည့်'လွတ်လပ်နယ်မြေ'ကိုပထမဦးစွာပြဘွာဖွိုပီးခသည့်မြန်မာနိုင်ငံ၏၂၀ရာစု'ကိုလံဘတ်'ဖြစ်သည်။

စာမျက်နှာ(၈)သို့

# စိတ်ခွန်အားအတွက် ဆို့စကား (အပို့င်း၁)



## *Life’s Journey* (ဘဝကိုဇာပိုင်လျှော်လှမ်းကတ်ဖို့လဲ)

*I. If we are facing in the right direction, all we have to do is to keep on walking.*

*(Ancient Buddhist Expression)*

***“မှန်ကန်ရှေဦးတည်ချက်လမ်းမတခုမှာ ငါရှို ရှိဆိုင်တွီကတ်တေဆိုဖိ၊ ယေကေ ငါရှိအားလုံးဆက်လျှော်ရဖို့”***

မိမိရှိ့အားလုံးသည်ဘဝဆိုရေခရီးရှည်တွင်လမ်းလျှော်သူများဖြစ်ကတ်ပါသည်။လူတိုင်းတွင်ယုံကြည်ချက်အတိုင်းလျှော်ကတ်သောလမ်းတိကိုယ်စီဟိကတ်ပါသည်။ အကယ်ဒန်ဒီးအသင်နန့်အကျွန်တကွေ့ကွေ့တနိန်ရာရာမှာလမ်းကြောင်းတူဦးတည်ချက်တခုတွင်ဆုံတွိကတ်ရကေငါရှိ့သည်အားကြိုးမာန်တက်တတူလျှော်သင့်ပါသည်။ မိမိရှိ့တဦးတယောက်ချင်းစီဇာလမ်းကပင်လာလာ၊ဇာအရည်အခြင်းပင်ဟိဟိ၊ ရည်ရွယ်ချက်တူသောလမ်းတခုထက်အရောက်မှာဘက်မကွဲဘဲရောက် ချင်ရေပန်းတိုင်ကိုတတူတူ လျှော်လှမ်းသင့်ကြောင်းပြောထားခြင်းဖြစ်ပါသည်။

*II. Do not follow where the path may lead. Go, instead, where there is no path and leave a trial. (Author Unknown)*

**“ဟိပြီးသားလမ်းအတိုင်းမလားကေ့။ လမ်းမဟိရေနေရာကိုရှာလား။ ပြီးနာစစ်ဆေးရေးဂိတ်တခုချပစ်ခ”**

သူများဖောက်ပြီးသားလမ်းကိုလျှော်ချင်ရေလူတိသည် ပျင်းရိသူတိဖြစ်ကတ်၏။ သူတစ်ပါးကိုမှီခိုလိုသူများဖြစ်ကတ်၏။ ဦးဆောင်ဦးရွက်ပြုတတ်သူတိ၊ မိမိကိုယ်ကိုအားကိုးသူတိ၊ စွန့်စားတီထွင်တတ်သူများရာလမ်းသစ်များဖောက်ကြ၏။ အသင်သည်ဇာပိုင်လူမျိုးဖြစ်ချင်ပါလေ။ သူတပါးဖောက်ပြီးသားလမ်းကိုအခက်အခဲမဟိလျှော်ပနာ အောင်မြင်ချင်ပါလား။ယင်းပိုင်မဟုတ်ဘဲမိမိကိုယ်တိုင်ရှာဖွီတွိဟိရေလမ်းသစ်မှာ လျှော်လှမ်းယက်ပင်းအောင်မြင်ချင်ပါလား။ မိမိလမ်းကိုမိမိဖောက်ပြီးနာနောက်ကလျှော်ဖို့လူတိမိမိကဲ့သို့အရည်အချင်းဟိမဟိစမ်းသပ်ဖို့စစ်ဆေးရေးဂိတ်တခုတော့ကေချထားခပါ။ အခက်အခဲမဟိဘဲအောင်မြင်မှုမရနိူင်ကြောင်းကိုနောင်လာနောင်သားတိ ကိုသင်ကြားခြင်းဖြစ်ပါရေ။

*III. There are no shortcuts to any place worth going. (Beverly Sills, B.1929)*

**“ထိုက်တန်ရေနေရာကို ထိုက်ထိုက်တန်တန်လားဖို့ရာဟိရေ၊ဖြတ်လမ်းမဟိ”**

လူတိသည်လွယ်သောလမ်းကိုလိုက်တတ်သည်။ အခက်အခဲမဟိလီကြိုက်လီဖြစ်သည်။ ယေဒါလေ့သွင့်လောကကြီးသည် ကြိုးစားသူ အတွက်ထိုက်တန်သောနေရာတခုချန်ထားတတ်သည်။ မိမိဖြစ်ချင်သော အရာ၊ ရောက်ချင်သောနိန်ရာကိုရောက်ဖို့ မိမိကရာ ဟိဟိသမျှအခက်အခဲများနောင့်ဖြတ်သန်းလားရမည့်ဘေးရန်တိကို မသွေမကွင်း ဉာဏ်နှင့်တဖုံ၊ ကာယနှင့်တအားသွီဖယ်သျှားပြီး နေရာမှန်ကိုရှာရပါမည်။ မိမိ၏မျှော်လင့်ချက်ကိုမိမိနှင့်ထားသင့်သည်ဟုလေ့ဆိုလိုပါသည်။ သူတစ်ပါးအားမိမိ၏မျှော်လင့်ချက်များ၊အိမ်မက်များကို အကောင်အထည်ဖော် ရှင်သန်လာအောင်သူတစ်ပါးကိုမှီခိုခြင်းငှာမပြုသင့်ပါ။ ထိုသူရှိသည်သင့်ကိုဖန်ဆင်းပီးနိုင်ဖို့ဖုရားသျှင်မဟုတ်ပါ။ သူရှိ့ကသင့်ကို လမ်းတဝက်တွင်သာကူညီနိုင်ပါသည်။ သင်ကိုယ်တိုင်သည်သာ ကိုယ့်လမ်းကိုယ်ဖောက် ခရီးရောက်ရမည့်ဖုရားသျှင်ဖြစ်ပါသည်။

## *The Art of Being*

**(ဘဝမှာ နိန့်ထိုင်ခြင်းအနုပညာဆိုစော် ဇာလေ)**

*IV. As Long as you live, keep learning how to live. Seneca (c.55 B.C.-c.40A.D)*

**“အသက်ရှင်နိန်သမျှကာလပတ်လုံး ဇာပိုင်ဆက်လက်ရှင်သန်ရဖို့ကိုလေ့လာပါ”**

ဒေနိအသက်ရှင်ကေနက်ဖြန်ထပ်ရှင်ဖို့အစားစားကတ်ရပါသည်။ အလုပ်လုပ်ကတ်ရပါသည်။ ရောဂါဖြစ်ကေဆီးကုရပါသည်။ ရီမွတ်ကေရီသောက်ရပါသည်။ အသက်မရှင်ကေရှင်အောင်ဒေဟင့်သည် လူတိုင်းလူတိုင်းလုပ်ကတ်ရသော ယေဘုယျသဖောတရားဖြစ်ပါသည်။ ယင်းချင့်တိအပြင်ထူးထူးခြားခြားစဉ်းစားပြောဆိုရကေလူအမျိုးအစားတိုင်းမှာရှင်သန်ရာပတ်ဝန်းကျင်ဟိပါသည်။ ထိုပတ်ဝန်းကျင်မှာမိမိကိုမြီတောင်မြှောက်ဖို့လူဟိရေပိုင် အသီသတ်ဖို့ချောင်းနီရေလူတိလေ့ဟိကတ်ပါသည်။ချစ်တေလူဟိရေပိုင်မုန်းရေလူလည်းဟိပါသည်။ မိမိကမျက်စိရှင်ရှင်အကွက်မြင်မြင်နန့်ပေါင်းသင့်လူကိုပေါင်း၊ယှောင်သင့်သူကိုယှောင်ရပါမည်။ အသက်ရှင်ဖို့ဆိုလျှင်ဇာနည်းလမ်းကိုမဆိုသုံးနိုင်ဖို့လေ့လာထားရန်လိုအပ်ပါသည်။ ကျင်ဝိုင်းထဲတွင်ချန်ပီယံဖြစ်ချင်သူကချန်ပီယံကိုအနိုင်အလဲထိုးသတ်ရရေပိုင်၊ရှုပ်ရှင်လောကတွင်နာမကြီးလူက နာမကြီးလူကိုအနိုင်ပိုင်းတတ်

ရပါသည်။ ယင်းပိုင်လည်းကောင်း နိုင်ငံရေး၊စီးပွားရေး စသောနယ်ပယ်များတွင်လည်း မိမိရန်သူအသူဆိုစော်သင်ယူယက်ပင်းနန့်မိမိအသက်ရှင်ဖို့တိုက်ကွက်တိကိုလေ့လာသင့်ပါသည်။ လူကရာ လူကို ဝါးမျိုတတ်ပါသည်။

*V. Nothing great was ever achieved without enthusiasm. Ralph Waldo Emerson (1803-1882)*

**"စိတ်အားထက်သန်မှုမဟိကေ တခုလေ့ကကြီးမမားအောင်မြင်ဖို့မဟုတ်"**

အယှင်းဆုံးလို့ရာဆိုလိုက်ချင်သည်။ မိမိကိုယ်၌က တစုံတခုကိုပြင်းပြင်းပြပြစိတ်စွဲလုပ်ဆောင်ခြင်းမဟိကေဘဝမှာကြီးမားရေအောင်မြင်မှုတခုလေ့မရနိုင်ပါ။ဘေးဘီဝဲယာကလာရေယှံ့ချပြောဆိုမှုတိအပေါ် မတိမ်းမစောင်းလားဘဲပြင်းပြင်းပြပြ၊တစိုက်မတ်မတ်နေ့ာင့်မိမိယုံကြည်ချက်ကိုအောင်မြင်မှုထိပ်ဖျားထိရောက်အောင်ကြိုးကုတ်လုပ်ဆောင်ကတ်ရဖို့ဖြစ်ပါသည်။ ထက်သန်မှုသည်ယုံကြည်မှုကိုအရင်းခံပါသည်။ ယုံကြည်မှုသည်လူတဦးတယောက်ချင်းစီ၏နှလုံးသားတွင်တည်ဟိနိန်ပါသည်။ နှလုံးသားထဲကနှစ်နှစ်ကာကာယုံကြည်မှုကိုတယောက်လေ့ဝင်ဖျက်လို့မရ။ ယင်းကြောင့်ထိုယုံကြည်မှုပြင်းထန်လာသောအခါဦးနှောက်သို့ရောက်လားပြီးလက်တွိ့အလုပ်လုပ်ရန်အသိစိတ်ကလူတိကိုအလုပ်လုပ်ခိုင်းခြင်းဖြစ်သည်။ ယေဇူးကြောင့်နှလုံးသားတွင်ယုံကြည်ချက်ကိန်းအောင်းသည်။ ဦးနှောက်က ယင်းယုံကြည်ချက်အကောင်အထည်ပေါ်အောင် လုပ်ဆောင်ပီးသောအေးဂျင့် (agent) တခုရာဖြစ်သည်။ မိမိ၏ထက်သန်မှုကိုမိမိနှလုံးသားတွင် ရှာဖွီသင့်ပါသည်။

*VI. As soon as you trust yourself, you will know how to live. Johann Wolfgane Von Goethe (1749 -1832)*

**"ကိုယ့်စော်ကိုယ်ယုံကြည်ဗျလ်ဆိုစော်နန့်ဘဝမှာဇာပိုင်နိန်ထိုင်လားရဖို့ဆိုစော်မင်းသိဗျလ်"**

ယုံကြည်မှုအကြောင်းဆက်ပြောရကေ အေဂုတင်ပြဖို့ယုံကြည်မှုက အထက်မှာပြောခရေယုံကြည်မှုနန့်မတူပါ။ အထက်ကယုံကြည်မှုကဟိပြီးသားကိုရှာဖွီခြင်းဖြစ်ပါသည်။ အေဂုယုံကြည်မှုက မိမိကိုယ်တိုင်ဖြည့်ရဖို့ယုံကြည်မှုဖြစ်ပါသည်။ ကိုယ့်စော်ကိုယ်အားဟိအောင်အားဖြည့်ခြင်းဖြစ်ပါသည်။ကိုယ့်စော်ကိုလေးစားခြင်းသည်သူတစ်ပါးကလေးစားအောင်လမ်းညွှန်ပီးခြင်းဖြစ်ပါသည်။ လူအများနှင့်ဆက်ဆံရေးအဆင်ပြေချောမွိဖို့၊စိတ်ချလက်ချပေါင်းသင်းဖို့အတွက်လူများကိုယုံကြည်ရပါသည်။ လူတိကိုမယုံကြည်ခင် မိမိကိုယ်ကိုအယင်ယုံကြည်သင့်ပါသည်။မိမိအချေခါစကားပြောတတ်ဖို့၊ထမင်းစားတတ်ဖို့၊လူတိကိုချစ်တတ်ဖို့အမိအဖညီအစ်ကိုမောင်နှမ၊ ခြုံပြောရကေမိသားစုကနိန်အစပထမသင်ယူရခြင်းဖြစ်ပါသည်။ မိမိကိုယ်ကိုယုံကြည်စိတ်ဝင်ဖို့ကိုယ်တိုင်သင်ယူတတ်ရပါမည်။ မိမိထက်ပိုလို့ တဦးတယောက်လေ့စိတ်မချရပါ။ယင်းကြောင့်မိမိကိုယ်ကိုအယုံ အကြည်မဟိသူသည်သူတပါးအပေါ်အယုံအကြည်လွန်တတ်ပါသည်။မိမိကိုယ်ကိုယုံကြည်လွန်းအားကြီးသူသည်သူတစ်ပါးကိုယုံကြည်ရန်မိန့်နိန်တတ်ပါသည်။ ထို့ကြောင့်လူ့အဖွဲ့အစည်းထဲမှာ မိမိအနီးအနား၊ အစီးအပါးကလူတိနန့်သဟဇာတ ကျ ဖို့ယုံကြည်မှုကိုချိန်ခွင်လျှာညှိပါ။

*Preference Quotation* **(ကြိုက်နှစ်သက်မိရေ ဆိုစကားချေ)**

*VII. There are two Tragedies in Life. One is to lose your Heart's Desire. The Other is to Gain it. (By George Bernard Shaw In Diplomacy of Henry Kissinger)*

"ဘဝမှာဝမ်းနည်းဖို့ကောင်းရေအရာနှစ်ခုဟိရေ။ တခုက မင်းနှလုံးသား၏တောင့်တမှုကို မင်းကိုယ်တိုင်ဆုံးယှုံးရခြင်းနန့်နောက်တယောက်က ယင်းချင့်ကိုပိုင်ဆိုင်လားခြင်းပင်ဖြစ်တေ"

*ကျော့ကြာညို (ရခိုင်သမီးပျို)*

*၀၅.၀၉.၂၀၁၁*

◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## အာရုံကြင်းသက်ပြင်း

*ငါသည် လွတ်လွတ် လပ်လပ်*
*မွီးစပ်ခံရရ မျိုးစီချေ တခု။*
*လွတ်လပ်ပင်လို့ ခေါ်ချင်ခေါ်*
*ငါက လွပ်လပ်မှုကြိုက်တေ။*
*ယေဇူးနေ့ာင့် ချစ်ရရေလူ*
*ထိုသူကိုလေ့*
*လွတ်လပ်ပင် အောက်*
*တခေါက်အလည်ရောက်ဖို့*
*လက်ချေယပ်လို့ခေါ်။*

*ဘက်ပေါင်းစုံ တူညီရေ။*
*တဘက်ရာ ကွဲရေ ...*
*ယင်းချင့်က ကကြီးကျကျယ်*
*"အသိုင်းအဝိုင်း"*
*ဒေစွာ အကျွန်ကြောက်တေ*
*ငါကြောက်တေ။*

*အာရုံကြကြင်း ကျင်းလီပတ်စီ*
*မိုးစစင် လင်းလီပတ်စီ*
*သက်ပြင်း မုန်တိုင်းထလီပတ်စီ*
*ရင်ဆိုင်စီချင်ရေ*
*တော်လှန်စီချင်ရေ*
*ချစ်ရသူကို လွတ်လပ်မှုနန့် အရောင်တင်*
*သိက္ခာရှိ တန်ဆာဆင်*
*အာကာမှာ မိုးကြိုးတိ ပစ်ပလိုက်ချင်။*

*အကျွန်အတွက်ကတော့ခါ*
*ချစ်သူကို လွမ်းရကေပင်*
*အဟာရဖြစ်ချင်ချင် . . . . . . ။*

ကျော့ကြာညို (ရခိုင်သမီးပျို)

၀၅.၀၉.၂၀၁၁



# စက်တမ်ဘာဖွါးကမ္ဘာကျော်စာရွီးဆရာကြီးများ

**လူချွန် လူမွန် များ၏ ဘဝတာ များ အကြောင်း တစ် တစောင်း**

> **“အကျွန်ဆိုရေလူ ပုဂ္ဂိုလ်တယောက် အပေါ်ဒေနီဗယ်ဆုကို ပီးအပ်ခြင်းမဟုတ်ပါ၊ အကျွန့်၏လုပ်ရပ် အပေါ်၊ တနည်း အားဖြင့် ချွေးထွက် သံယိုပင် ပမ်းခံထား မှုနှစ်ရှည် လများ ဒဏ်ရာအနာ တရ များစွာခံစားရမှုတိ ထဲကပေါ်ထွက်လာ ရေလူ့စိတ်ဓါတ်အ ပေါ်ပီးအပ်ခြင်းဖြစ် တေလို့အကျွန်ခံစား နားလည်ဖြစ်ပါရေ”**
>
> (ဝီလီယံဖော့(က်)နာ၏ စာပီဆိုင်ရာနိုဗယ်ဆု လက်ခံယူသည့်မိန့်ခွန်း မှကောက်နှုတ်ချက်)

## T. S. Eliot

**တီအက်စ်–အဲလီယော့ထ်**



**မွီးနိ။** ။ စက်တမ်ဘာလ ၂၆ ရက်၊ ၁၈၈၈

**ဘဝသက်တမ်း။** ။ ၁၈၈၈–၁၉၆၅

**ဘဝအကျဥ်းဖေါ်ပြချက်။** ။ တီအက်စ်အဲလီယော့ထ်ကို အမေရိကန်ပြည်ထောင်စု၊မီဇူရီပြည်နယ်၊စိန့်လူးဝိစ်တွင်ဖွါး မြင်ခဲသည်။ဟားဗက်တက္ကသိုလ်မှ Philosophy ဘာသာရပ် ဖြင့်ဘွဲ့ရသည်။ယင်းနောက်တွင်အိန်ဂလန်နိုင်ငံသို့လား ရောက်ပြီးဘဏ်စာရေး၊ကျောင်းဆရာနှင့်စာအုပ်ထုတ်ဝီရေး လုပ်ငန်းများတွင်ဝင်ရောက်လုပ်ကိုင်ခဲသည်။ Faber and Faber စာအုပ်ထုတ်ဝီရေးကုမ္ပဏီတွင်အယ်ဒီတာအဖြစ်လုပ် ကိုင်ရာမှနောက်ပိုင်းတွင်ညွှန်ကြားရေးမှူးတဦးဖြစ်လာခ သည်။အဆင့်မြင့်ပညာနှင့်အတွေးအခေါ်ဖောင်းပီးစာပီ ဂျာနယ်တခုဖြစ်သည့် Criterion ကို ၁၉၂၂ ခုနှစ်တွင်စတင် တည်ထောင်ကာကိုယ်တိုင်ကြီးကြပ်၊တည်းဖြတ်လျှက် ၁၉၃၉ ခုနှစ်ထိ(၁၇)နှစ်ကြာထုတ်ဝီခသည်။ယင်းသို့ဖြင့်အဲလီယော့ သည်၁၉၂၇ခုနှစ်တွင်ဗြိတိန်နိုင်ငံသားတဦးဖြစ်လာသည်။


ယုပ်ထွီးနက်နဲသောလူ့သဘာဝနှင့်ခေတ်သစ်လူမှု အသိုင်းအဝိုင်းအားအခြီပြုသည့်ကဗျာများကိုသူယုံကြည် ဖြစ်သည့်အတိုင်းတောက်လျှောက်ရွီးသားယက်ပင်း အဲလီ ယော့သည်(၂၀)ရာစု၏အရဲရင့်ဆုံးသောကဗျာဆရာတဦး ဖြစ်လာသည်။အဲလီယော့သည်ကဗျာများ၊ဝထုများ၊ဘဝ သရုပ်ဖေါ်များ၊ပြဇာတ်များ များစွာကိုရွီးသားခပြီးသူ၏အနု ပညာလက်ရာများထဲတွင် Prufrock (၁၉၁၇)၊ The Waste Land (၁၉၂၂)၊ Ash Wednessday (၁၉၃၀)၊ Murders in the Cathedral (၁၉၃၅)၊ The Family Reunion (၁၉၃၉)၊ Four Quartets (၁၉၄၃)၊ The Cocktail Party (၁၉၄၉)၊ The Confidential Clerk (၁၉၅၄)၊ The Elder Stateman (၁၉၅၉) နှင့် Collected Poems (၁၉၆၃)ရို့အပါအဝင်ဖြစ်ပါသည်။

ခေတ်သစ်စာပီသူ့ရဲကောင်းတီအက်စ်အဲလီ ယော့ထ်သည်၁၉၄၈ခုနှစ်တွင်ကမ္ဘာ့**စာပီဆိုင်ရာနိုဗယ်ဆု** (The Nobel Prize in Literature-1948)ကိုဆွတ်ခူးရယ်ခဲ သည်။ **‘မျက်မှောက်ခေတ်ကဗျာလောကတွင်သူမတူ သည့်စွမ်းဆောင်ထည့်ဝင်မှုနှင့်ဟြိဆောင်လမ်းပြနိုင်မှု’**ရို့အ တွက်စာပီဆိုင်ရာနိုဗယ်ဆုကိုချီးမြှင့်ရခြင်းဖြစ်ကြောင်းနိုဗယ် ဆုရွီးချယ်ရေးကော်မတီ၏ အကျဥ်းချုပ်မှတ်ချက်တွင်ဖေါ်ပြ ထားဟိပါသည်။

◆ ◆ ◆ ◆

## O. Hnery

**အိုးဟိန်နရီ**




**မွီးနိ။** ။ စက်တမ်ဘာလ ၁၁ ရက်၊ ၁၈၆၂

**ဘဝသက်တမ်း။** ။ ၁၈၆၂–၁၉၁၀

**ဘဝအကျဥ်းဖေါ်ပြချက်။** ။အိုးဟိန်နရီ၏နာမည်အရင်းမှာ ဝီလီယံဆီဒနေပေါ်တာ(William Sydney Porter)ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၊ မြောက်ခယ်ရိုလိုင်းနားပြည်နယ်၊ ဂရိန်းစ်ဘာရိုတွင်၁၈၆၂ခုနှစ်၊စက်တမ်ဘာလ(၁၁)ရက်နိတွင် ဖွါးမြင်ခဲသည်။ သူ၏ဖခင်မှာဆီးဖက်ဆိုင်ရာသမားတော်တ ဦးဖြစ်သည်။ဝီလီယံပေါ်တာအသက်(၃)နှစ်အရွယ်တွင်မိခင် ဖြစ်သူကွယ်လွန်လားရာ အဘောင်မနှင့်အရီးမသည်ရို့၏ လက်တွင်ကြီးပြင်းခရသည်။ဝီလီယံပေါ်တာသည်စာဖတ်ဝါ သနာအိုးကြီးတယောက်ဖြစ်သည်။ သူ၏အသက်(၁၅)နှစ် တွင်ကျောင်းမှထွက်ပြီးထက္ကဆက်စ်ပြည်နယ်မှသူ့ဝရီး၏ ဆီးဆိုင်တွင်အလုပ်ဝင်လုပ်ပြီးသူ၏ကာတွန်းရွီးဆွဲမှုကြောင့် လူသိသူသိများသည်။ထိုနောက်လယ်ယာမြိနှင့်သိုးမွီးမြူရေး လုပ်ငန်း တွင်အလုပ်ဝင်လုပ်ပြန်သည်။

**ရက္ခိုင့်လူ့အဖွဲ့အစည်း အခြေပြုသတင်းစဉ် ဖြစ်ပါသည်။**


**Editors Group:**

Oo Thein Maung

Lwon Pi

Ni Tauk Kray

**ဆက်သွယ်ရန်လိပ်စာ**

1107 S Washington St.
Wheaton, IL 60189
U.S.A.

☎1-630-682-3616 (Home)

☎1-630-956-3382 (Cell)

theai2011@hotmail.com


တန်ဖိုး ၇ ဒေါ်လာ

၃ စောင်/ ၃လ စာ ၂၀ ဒေါ်လာ

၆ စောင်/ ၆လ စာ ၄၀ ဒေါ်လာ

၁ နှစ်စာ ၇၀ ဒေါ်လာ





အမျိုးမျိုးသောကိုလိုနီအုပ်ချုပ်သူများကြောင့် လက်ဟိကိုလံဘီယာသည်ယဉ်ကျေးမှုပေါင်းစုံတည်ဟိသည့်နိုင်ငံဖြစ်ပေသည်။၁၈၁ဝခုနှစ်တွင်စပိန်လက်အောက်မှလွတ်လပ်ရေးရဟိခသော်လည်း ရှီးရှီးဆန်ဝါဒီများနှင့်ခေတ်သစ်လိဘရယ်များကြားတွင်လည်းကောင်း၊လက်ဝဲနှင့်လက်ယာယိမ်းများကြားတွင်လည်းကောင်း၊မူးယစ်ရာဇာများကြားတွင်လည်းကောင်းပြည်တွင်းစစ်ပွဲပေါင်းများစွာဖြစ်ပွါးနိန်ခသည့်နိုင်ငံလည်းဖြစ်ပေသည်။ တောင်အမေရိကတိုက်၏အနောက်မြောက်ပိုင်းတွင်တည်ဟိပြီးမူးယစ်ဆီးဝါးဂိုဏ်းများ၊ပြောက်ကျားဆန်သောလှုပ်သျှားမှုများဖြင့်ကမ္ဘာပေါ်တွင်အကြမ်းဖက်မှုများစွာဖြစ်ပွါးသောနိုင်ငံများထဲတွင်တခုအပါအဝင်ဖြစ်သည့်ကိုလံဘီယာ၌အမေရိကန်ပြည်ထောင်စု၏အကူအညီဖြင့်ပြည်သူ့ဒီမိုခရေစီနည်းကျရွီးကောက်ပွဲများကျင်းပနှိုင်ခပြီး၂၀၀၆ခုနှစ်မှစ၍အကြမ်းဖက်မှုများအတော်အသင့်လျော့ကျလားသောနိုင်ငံဖြစ်လာသည်။

**တရားဝင်အမည်။** ။ ကိုလံဘီယာသမ္မတနိုင်ငံ ။

**နိုင်ငံတည်ထောင်သည့်ခုနှစ်။** ။ ၁၈၁၉

**မြို့တော်။** ဘိုဂိုတာ ။

# ကိုလံဘီယာ

## (Colombia)








**ကမ္ဘာ့နိုင်ငံများ မိတ်ဆက်ကဏ္ဍ**

**အဓိကမြို့ကြီးများ။** ။ ကာလီ(Cali)၊ မယ်ဒယ်လိန်(Medellin)၊ ကာတာဂေနာ(Cartagena) ။

**လူဦးရေ။** ။ ၄၄.၂ သန်း

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင် ၁၁၀ ယောက် (၁ စတုရန်းကီလိုမီတာလျှင် ၄၃ ယောက်)။

**အကျယ်အဝန်း။** ။ ၄၃၉၇၃၃ စတုရန်းမိုင် (၁၁၃၈၉၁၀ စတုရန်းကီလိုမီတာ)။

**ပြောဆိုသည့်ဘာသာစကား။** ။ စပိန်၊ ဝေယူး၊ ပက်ဇ် နှင့် အခြား အမေရိဒီယန်ဘာသာစကားများ။

**ကိုးကွယ်သည့်ဘာသာ။** ။ ရိုမန်ကက်သလိ ၉၅ ရာနှုန်း၊ အခြား ၅ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ မက်စ်တီဇို ၅၈ ရာနှုန်း၊ လူဖြူ ၂၀ ရာနှုန်း၊ အခြား ၂၂ ရာနှုန်း။

**အစိုးရ။** ။ သမ္မတစံနစ်။

**ငွေကြေးယူနိ။** ။ ၁ ကိုလံဘီယံပီဆိုလျှင် ၁၀၀ စိန်တာဗို။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၉၂ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု။** ။ ၂၅၈၀ ခယ်လိုရီ။

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အသျှင်ဦးဥတ္တမ၏ပြည်ထောင်စုစိတ်ဓါတ်နှင့် သူရဟိခသည့်ဆုလဒ် (မောင်ဦးသိန်းမောင်) | ၁ |
| အယ်ဒီတာ့စကား | ၂ |
| စက်တမ်ဘာလ | ၃ |
| စက်တမ်ဘာလရက်စဉ်ကမ္ဘာ့သတင်းများ | ၄-၇ |
| စိတ်ခွန်အားအတွက်ဆိုစကား (ကျော့ကြာညို – ရခိုင်သမီးပျို) | ၈ |
| မြီပုံကြည့်ယက်ပင်းသတင်းဖတ်၊သတင်းဖတ်ပနာမြီပုံကြည့် | ၁၀-၁၁ |
| စက်တမ်ဘာလဖွါးကမ္ဘာကျော်စာရွီးဆရာကြီးများ | ၁၆ |
| အင်္ဂလိပ်စကားပြောကတ်မေ | ၁၈ |
| အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ | ၁၉ |
| ကိုလံဘီယာနိုင်ငံ | ၂၀ |



အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။